# ကုလသမဂ္ဂ၏ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားဒုက္ခသည်များ မူရင်းနေရပ်သို့ပြန်လည်အခြေချနေထိုင်ရေးဆိုင်ရာ မဟာဗျူဟာမြောက် လမ်းပြမြေပုံ (၂၀၁၅-၂၀၁၇)

## ပြုပြင်မွမ်းမံခဲ့သည့် မတ်လ ၂၀၁၅ ခုနှစ်

### အပိုင်း ၁။ နိဒါန်း

၁။ မြန်မာနိုင်ငံတွင် ၂၀၁၀ ခုနှစ်၌ အရပ်သားအစိုးရတစ်ရပ်ဖွဲ့စည်းကာ အကျယ်တပြန့် နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲခြင်း၊ နိုင်ငံ၏အရှေ့တောင်ပိုင်းတွင် လက်နက်ကိုင်ပဋိပက္ခများ သိသာထင်ရှားစွာလျော့ချခြင်းတို့ဆောင်ရွက်ခဲ့ရာ နိုင်ငံတွင်းရှိ ပြည်သူများသာမက လွန်ခဲ့သည့်နှစ်ပေါင်း (၃၀)ကျော်ကတည်းက မြန်မာနိုင်ငံမှ ထွက်ပြေး တိမ်းရှောင်ပြီး ထိုင်းနိုင်ငံရှိ ယာယီဒုက္ခသည်စခန်း (၉)ခုတွင်နေထိုင်လျှက်ရှိကြသည့် ဒုက္ခသည်ပေါင်း (၁၁၀,၀၀၀)ကျော်ကိုပါ ထူးခြားစွာ သက်ရောက်မှုရှိခဲ့ပါသည်။ မြန်မာအစိုးရနှင့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ[၁]အကြားနှစ်ဦးချင်း အပစ်အခတ်ရပ်စဲမှုများအစီအရီပြုလုပ်ခဲ့ကြသည့်နောက်တွင် တစ်နိုင်ငံလုံးဆိုင်ရာ အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုတစ်ရပ်(NCA)ရရှိရန် တိုးတက်မှုများအတော်အတန်ရှိခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ အရှိန်အဟုန်နှေးကွေးသွားခဲ့သော်လည်း ၂၀၁၅ ခုနှစ်တွင်(NCA) တစ်ရပ်ကို လက်မှတ်ထိုးကောင်းထိုးနိုင်ပြီး နိုင်ငံရေးဆွေးနွေးပွဲတစ်ရပ် ၎င်းနောက်မှလိုက်ပါလာနိုင်ပါသည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နိုင်ငံတော်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့လေးဖွဲ့တို့ ငြိမ်းချမ်းရေးဆိုင်ရာသဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုး ခဲ့ကြပါသည်။

၂။ တစ်ချိန်ထဲမှာပင်ဒုက္ခသည်များအကြား မိမိဆန္ဒအလျောက် နေရင်းတိုင်းပြည်ပြန်ရေး အလားအလာဆွေးနွေးမှုများ ပိုမိုတိုးပွားလာခဲ့ပါသည်။ IDP အချို့နှင့် ထိုအရေအတွက်ထက် ပိုမိုနည်းပါးသည့် ဒုက္ခသည်အချို့သည် မိမိဆန္ဒအလျောက် ကောက်ကာငင်ကာ နေရပ်သို့ ပြန်ခဲ့ကြမှုများလည်း ရှိခဲ့ပါသည်။ ထိုစဉ် ၂၀၁၄ ခုနှစ် မေလ ၌ထိုင်းနိုင်ငံတွင် အစိုးရသစ်တစ်ရပ် ဖွဲ့စည်းခဲ့ခြင်းက ဒုက္ခသည်များအခြေအနေအပေါ်ဂရုပြုမှုများပြန်လည်ဖြစ်ပေါ်လာစေခဲ့ပါသည်။

---

၁) ဤစာတမ်း၌အသုံးပြုထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ဆိုသောဝေါဟာရသည် မြန်မာနိုင်ငံ၌ အများအသုံးပြုနေသည့် ပေါဟာရဖြစ်ပါသည်။ လက်ရှိငြိမ်းချမ်းရေးဆွေးနွေးပွဲများ၌ ပါဝင်သည့် အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့အစည်းများကို ရည်ညွှန်းပါသည်။

၃။ UNHCR ရပ်တည်ချက်သည် မိမိဆန္ဒအလျောက် နေရပ်ပြန်မှုများ စတင်စီစဉ်ဆောင် ရွက်ပေးရန် စောသေးကြောင်းဆက်လက်စွဲကိုင်ထားနေဆဲဖြစ်သော်လည်းလာမည့်နှစ်တွင်အခြေအနေများဆက်လက်၍တဖြည်းဖြည်းခြင်း ပြောင်းလဲနိုင်ခြေရှိပါသည်။ ထိုင်းအစိုးရနှင့် မြန်မာအစိုးရ နှစ်ဖွဲ့စလုံးက ဒုက္ခသည်များမိမိဆန္ဒအလျောက်နေရင်းတိုင်းပြည်ပြန်မည့်ကိစ္စအပေါ် နိုင်ငံတကာစံနှုန်းများနှင့်အညီ ထောက်ပံ့ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းမကြာသေးမီက ထပ်လောင်းကတိပြုပြောကြားထားသည်။ ထိုသို့အခြေ အနေများတဖြည်းဖြည်းခြင်း ပြောင်းလဲလာနေခြင်းနှင့် ဒုက္ခသည်များ၊ ရပ်ရွာလူထုများနှင့် သက်ဆိုင်ရာအာဏာပိုင်များအား အထောက်အကူပေးရန်တို့ကို ထောက်ရှု၍ ယခုလမ်းပြမြေပုံသည် ၂၀၁၅-၂၀၁၇ ခုနှစ်အတွင်း ဒုက္ခသည်များအား မိမိဆန္ဒအလျောက် နေရပ်သို့ ပြန်လည်အခြေချနေထိုင်ရေးဆိုင်ရာ UNHCR ၏ မဟာဗျူဟာမြောက်လားရာ၏ အခရာကျသော အချက်များကိုပုံကြမ်းဖော်ပြထားပါသည်။ ထို့အပြင်ဤလမ်းပြမြေပုံကို မြန်မာပြည်အရှေ့တောင်ပိုင်းရှိ တူညီသောနေရပ်များရှိပြန်လည်ရောက်ရှိလာသည့်ဒုက္ခသည်များနှင့်(IDP)များ၏လိုအပ်ချက်များကို တုန့်ပြန်ဖြေရှင်း ပေးခြင်းတို့အကြား၌ ကြားခံဆက်သွယ်ပေးသည့် မူဘောင်တစ်ရပ်အဖြစ် အသုံးပြုနိုင်ပါသည်။ ဒုက္ခသည်များ၊ ရပ်ရွာလူထုများ၊ မြန်မာအစိုးရ၊ ထိုင်းအစိုးရ၊ အစိုးရမဟုတ်သည့်တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ NGO များ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများအပါအဝင်၊ ပါဝင်မည့်သူအမျိုးမျိုးနှင့် ပိုမို ပတ်သက်ဆောင်ရွက် ရာတွင် အခြေခံအဖြစ် အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

၄။ သို့ရာတွင် မိမိဆန္ဒအလျောက် နေရင်းတိုင်းပြည်ပြန်မှုအပေါ် မေးခွန်းများစွာ ရှိနေဆဲ ဖြစ်ပါသည်။ ဒုက္ခသည်အရေအတွက်မည်ရွေ့မည်မျှတို့သည် ပြန်ရန်ရွေးချယ်မည်နည်း၊ မည်သည့်အခါ၊မည်သည့် နေရာသို့သွားမည်နည်း။ မြို့များ၊ မူရင်းနေထိုင်ခဲ့ရာ ကျေးရွာများ သို့မဟုတ် အခြေချနေထိုင်ရာ ဒေသအသစ်များသို့ မည်သည့်အချိုး အစားသည်ပြန်ကြ မည်နည်း။ မည်ကဲ့သို့သော ပံ့ပိုးမှုများ လိုအပ်မည်ဖြစ်၍ UNHCR နှင့်မိတ်ဖက်အဖွဲ့များ၏ အခန်းကဏ္ဍသည် မည်သည် ဖြစ်မည်နည်း။ မည်သည့်အတိုင်းအတာအထိ ဒုက္ခသည်များသည် တောလမ်းများအသုံးပြုပြီး ၎င်းတို့ကိုယ်တိုင်ကိုယ်ကျစီစဉ်သော သယ်ယူပို့ဆောင်ခြင်းများနှင့် စိတ်ကြိုက်အရွေ့နှုန်းဖြင့် နေရပ်သို့ပြန်လာခြင်းကို နှစ်သက်မည်လော။ သို့တည်းမဟုတ် စနစ်တကျစီစဉ်ထားခြင်း နှင့်/သို့မဟုတ် အခြားထောက်ပံ့မှုများဖြင့် ပြန်လာခြင်းကို နှစ်သက်မည်လော။ ဒုက္ခသည်များပြန်လာခြင်းနှင့် ဆက်စပ်နေသည့် လုပ်ဆောင်ချက်များနှင့် လှုပ်ရှားမှုများကို(IDP) များပြန်လာခြင်းနှင့် မိမိကိုယ် မိမိကာကွယ်နိုင်ခြင်း နည်းပါးသည့် လူထုများနှင့်မည်ကဲ့သို့ချိတ်ဆက်မည်နည်း။

၅။ UNHCR လမ်းပြမြေပုံ၌ လက်ရှိရနိုင်သည့်(data)နှင့် သတင်းအချက်အလက်များကို သုံးစွဲအခြေပြု ရေးဆွဲထားပါသည်။ ဤသို့ရေးဆွဲရာ၌ လတ်တလောလုပ်ငန်းဆိုင်ရာ ပတ်ဝန်းကျင်ကို စုပေါင်း စီစစ်ခြင်း၊ UNHCR ထိုင်းမှ လုပ်ငန်းအပ်နှံပြုလုပ်စေသည်၊ စတင်ပုံသဏ္ဍာန်ပေါ်ပေါက်လာပြီ ဖြစ်သည့် ဒုက္ခသည်ဆိုင်ရာအချက်အလက်များကို တစေ့တစောင်း လေ့လာစာရင်းကောက်ယူချက်ကို ပိုင်းခြား

စိတ်ဖြာလေ့လာခြင်းနှင့် UNHCR မြန်မာက လက်ရှိပြုလုပ်လျက်ရှိသည့် မိမိဆန္ဒအလျောက်ကောက်ကာငင်ကာနေရပ်သို့ပြန်မှုများကို စောင့်ကြည့်ခြင်းများပါဝင်ပါသည်။ ရည်ရွယ်ချက်မှာ ဖြစ်နိုင်ဖွယ်စိတ်မှန်း အနာဂတ်ဖြစ်နိုင်ခြေများနှင့် အခရာကျသည့် စီမံကိန်းရေးဆွဲရန် ယူဆချက်များ အပေါ် အကြောင်းအချက်များသိရှိထားသည့် စီစစ်မှုတစ်ရပ်ရေးဆွဲရန်ဖြစ်ပါသည်။ အစီအရီ ပြုလုပ်သည့် တိုင်ပင်မှုများအပေါ်အခြေခံ၍ ဤအခြေအနေအပေါ် အတိမ်းအစောင်းမခံသော စစ်ဆေးချက်ကို ဆက်လက်ပြုလုပ်မည်ဖြစ်ပြီး၊ စီမံကိန်းကို အချိန်နှင့်အမျှ ညှိသွားမည်ဖြစ်ပါသည်။

၆။ ဤလမ်းပြမြေပုံတွင် မဏ္ဍိုင်ကြီး(၅)ခုပါဝင်ပြီး မဏ္ဍိုင်အသီးသီးသည် လုပ်ငန်းဆောင်ရွက်မှု အပိုင်းတစ်ပိုင်းစီကိုကိုယ်စားပြုမည်ဖြစ်သည်။ အဆိုပါလုပ်ငန်းဆောင်ရွက်မှု အပိုင်းများကို တစ်ခုပြီး တစ်ခု အစီအစဉ်တကျစတင်မည်ဖြစ်ပြီး ၎င်းတို့ကိုမရပ်ဆဲမီ အချိန်အတန်ကြာ တစ်ခုနှင့်တစ်ခု အပြိုင်ဆောင်ရွက်မည်ဟု မျှော်လင့်ရပါသည်။ ဤမဏ္ဍိုင်ကြီးများတွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံနှစ်ခု စလုံး၌ အဓိကထားဆောင်ရွက်ရမည့် လုပ်ငန်းများပါရှိမည်ဖြစ်သည်။ ယင်းတို့ကို အပိုင်း(၃)တွင် အတိုချုံးဖော်ပြထားသည်။

၇။ ဤစာတမ်း၌ နေရပ်ပြန်ခြင်း သုံးမျိုး သုံးစားခွဲခြားထားသည်။ ယင်း(၃)မျိုးမှာ မိမိဆန္ဒအလျောက် ကောက်ကာငင်ကာနေရပ်ပြန်ခြင်း၊ အထောက်အကူ တစ်ရပ်ရပ်ဖြင့် နေရပ်ပြန်ခြင်းနှင့် စေ့ဆော်အားပေးကူညီမှုဖြင့် နေရပ်ပြန်ခြင်းတို့ ဖြစ်ကြပါသည်။ UNHCR သည် ၎င်းဝေါဟာရများ အား အောက်ပါအတိုင်း အဓိပါယ် ဖွင့်ဆိုပါသည်။

- မိမိဆန္ဒအလျောက်ကောက်ကာငင်ကာနေရပ်သို့ပြန်ခြင်း(Spontaneous returns)များကို ယခုလက်ရှိ၌ ပြုလုပ်နေကြပြီဖြစ်ပါသည်။ ထိုသို့ပြန်ရာတွင် ဒုက္ခသည်များ ကိုယ်တိုင် ကိုယ်ကျ စီစဉ်ကြပါသည်။ ရွှေ့ပြောင်းခြင်းမပြုမီသော် လည်းကောင်း၊ ရွှေ့ပြောင်းနေစဉ် အတွင်း၌သော်လည်းကောင်း၊ UNHCR မှ တိုက်ရိုက်သိရှိခြင်းနှင့် ထောက်ကူခြင်းမရှိဘဲ ပြုလုပ်ကြခြင်းဖြစ်ပါသည်။

- Facilitated returns မှာ၊ နေရင်းတိုင်းပြည်သို့ UNHCR ၏ အထောက်အကူ တရပ်ရပ်ဖြင့် ပြန်လာခြင်းဖြစ်ပါသည်။ ထိုသို့ထောက်ပံ့မှု ပေးခြင်းတွင် ဒုက္ခသည်များထွက်ခွာခြင်းမပြုမီ ရရှိထားသည့် သတင်းအချက် အလက်များကို အသိပေးဖြန့်ဝေခြင်း၊ မိမိဆန္ဒအလျောက် ပြန်လာစဉ် အထူးလိုအပ်ချက် ရှိနေသူများ PSN၊[၂] တို့အား လိုအပ်သည့် အကူအညီ ပေးခြင်းများရှိနိုင်ခြင်း၊ မူရင်းနေရပ်သို့ပြန်ရောက်သည့်အခါ ပြန်သွားသည့် နေရာဒေသရှိ

---

- *၂) PSN များ၌ အဖေါ်မပါသို့မဟုတ် အဖေါ်ကွဲနေသည့်ကလေးသူငယ်များ။ အထီးကျန်အိမ်ထောင်ဦးစီးများ၊ မိသားစုအထောက်အကူမရှိသည့်အိုကြီးရင့်မာများ၊ ကာလရှည်ကြာမနာမကျန်းဖြစ်နေသူများ၊ ကိုယ်ပိုင်းဆိုင်ရာသို့မဟုတ် စိတ်ပိုင်းဆိုင်ရာမသန်စွမ်းသူများ၊ ဒဏ်ရာဒဏ်ချက်များရရှိ၍အသက်ရှင်ကျန်သူများ၊စသည်တို့ပါဝင်ပါသည်။*

အခြေအနေ အပေါ်သုံးသပ်ချက်များကို မူတည်၍ အကူအညီ ပေးခြင်းတို့ဖြစ်ပါသည်။

- Promoted returns ၌ UNHCR ၏ ကျယ်ပြန့်စွာအထောက်အကူပေးမှု ပါဝင်ပါသည်။ ယင်းအထောက်အကူ၌ မြန်မာနိုင်ငံအရှေ့တောင်အာရှတခွင်၌ စေ့ဆော်အားပေးကူညီမှုဖြင့် နေရပ်ပြန်ရန် သင့်တော်သော အခြေအနေများ ရှိသည့်အခါ၌ သယ်ယူပို့ဆောင်ရေးနှင့် ပေါင်းစည်းဝင်ဆံ့ အခြေချနေထိုင်ခြင်း အတို့အတွက် အကူအညီအထုပ် ခံစားခွင့်များ ပါရှိပါသည်။

၈။ ဒုက္ခသည်များနှင့် IDP များပြန်လာနိုင်ခြေရှိသည့်နေရာဒေသများ၌အထူးသဖြင့်ရှုပ်ထွေး၍များမြောင်သည့်သဘာဝပတ်ဝန်းကျင်နှင့်ပတ်သက်၍"ထိခိုက်မှုမဖြစ်စေရ"ဟူသောမူကိုအများကျင့်သုံးလာစေရန်ဆောင်ရွက်ထားသည်။ဤလမ်းပြမြေပုံသည်တစ်ဦးတစ်ယောက်ချင်းပြန်လာသည့်ဒုက္ခသည်များကိုကွက်၍ရွေးချယ်ရန်ရည်ရွယ်ချက်မရှိပါ။ တကယ်တမ်းတော့၊ ပြန်လည်ဝင်ရောက်လာရန်အလားအလာရှိသည့်ဒေသများရှိဒေသခံများ၏ မိမိကိုယ်မိမိ ကာကွယ်နိုင်မှုနည်းခြင်းကို ထောက်ဆလျှင်၊ ရပ်ရွာအတွင်း ရှိယင်းပုဂ္ဂိုလ်များ၏ လတ်တလောလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားကာ၊ ရပ်ရွာကိုအခြေပြုထားသည့် လုပ်နည်းကိုင်နည်း များကို ကျင့်သုံးမည်ဖြစ်ပါသည်။ ရှိရင်းစွဲရပ်ရွာထောက်ပံ့မှု ယန္တရားများကို ပိုမိုအားသန်စေခြင်းနှင့် ဒေသခံ NGO၊ CBO၊ နှင့် CSO များနှင့်အတူ လုပ်ကိုင်ခြင်းတို့ဖြင့် ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

## အပိုင်း၂။ ဒုက္ခသည်များ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်း၌ UNHCR မှ ပါဝင်ပတ်သက် အထောက်အကူပေးမှုအတွက် စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေများ၊ စီမံကိန်း ရေးဆွဲရေး ဆိုင်ရာ အခြေပြုယူဆချက်များနှင့် စံသတ်မှတ်ချက်များ။

### (က) စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေများ

၉။ ဖြစ်နိုင်ဖွယ်အများဆုံးရှိသည့် စိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေ၌ အမျိုးသားအပစ်အခတ်ရပ်ဆဲရေး သဘောတူညီချက်တစ်ရပ်ကိုစေ့စပ်ဆွေးနွေး၍ နိုင်ငံရေးဆွေးနွေးပွဲအတွက် မူဘောင်တစ်ရပ် ဆွေးနွေးခြင်းကိုအပြိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ NCAတစ်ရပ်ကို သဘောတူလက်မှတ်ရေးထိုး ပြီးလျှင် ပြီးခြင်း ဖေါ်ပြပါမူဘောင်အပေါ် တရားဝင် ဆွေးနွေး ခြင်းများကိုစတင် လုပ်ဆောင် ရည်ရွယ်ပါသည်။ IDP များအတွက်တာရှည်ခံသည့် ဖြေရှင်းနည်းများနှင့် ဒုက္ခသည်များ မိမိဆန္ဒအလျောက်နေရပ်ပြန်ရေး (နေရာ သစ်၌အခြေချနေထိုင်ရေး[၃] ဟူသော ခေါင်းစဉ်ဖြင့် မကြာခဏပူးပေါင်း၍ ရည်ညွှန်းထားသည်) ဟူသောကိစ္စများသည် နေရာပြောင်းရွှေ့ ရသည့်လူထုများနှင့်အထူးသက်ဆိုင်သည့် အခြားသောကိစ္စများနှင့်အတူ နိုင်ငံရေးစကားဝိုင်း များ၏ အစီအစဉ်များတွင် ပါဝင်မည်ဖြစ်ပါသည်။ ဒုက္ခသည်များ နေရပ်ပြန်ရေး ကိစ္စနှင့် ပါတ်သက်၍ထိုင်းအစိုးရနှင့် မြန်မာအစိုးရများသည် နှစ်ဦးချင်းဆက် လက်တွေ့ဆုံကြမည်ဖြစ်ပါသည်။ လက်နက်ကိုင်တိုက်ပွဲများ ဆက်လက်လျော့ကျလာသည့်နှင့်အမျှ၊ ယေဘူယျလုံခြုံရေးအခြေအနေများ ကောင်းမွန်လာမည်

ဖြစ်ပြီး၊ ၎င်းနှင့်တစ်ပြိုင်နက်တည်း မိုင်းရှင်းလင်းရေးဆိုင်ရာ လုပ်ဆောင်မှုတိုးတက် ရေးအတွက် နိုင်ငံရေးအရလုပ်သာကိုင်သာရှိမှု လမ်းပွင့် လာမည်ဖြစ်ပါသည်။ တစ်ချိန်တည်း၌ပင်၊ စစ်ဖက်နှင့် ကုန်သွယ်မှုလိုအပ်ချက်များအတွက် မြေယာသိမ်းယူမှုစသည့်ပေါ်ထွက်လာသည့် ကာကွယ်မှုဆိုင်ရာ စိန်ခေါ်မှုများသည် ပိုမိုများပြားလာပြီး ဆောင်ရွက်ဆဲငြိမ်းချမ်းရေးဖြစ်စဉ်များအပေါ် စိတ်ချယုံကြည်မှုသည် မခိုင်မာသော အခြေအနေ၌ဆက်လက်ရှိနေမည်ဖြစ်သည်။

၁၀။ ၂၀၁၅ခုနှစ် နှောင်းပိုင်း၌ ရွေးကောင်ပွဲများပြုလုပ်ခြင်းအလားအလာရှိမှုသည် နေရပ်ပြန်လာမှု တိုးလာခြင်းကို တိုက်ရိုက်အထောက်အကူပြုသည် သို့မဟုတ် ပြုမည်ဖြစ်ကြောင်းသက်သေသာဓကများ ယခုထက်တိုင်ထွက်ပေါ်လာခြင်းမရှိသေးပါ။ သို့သော်လည်း အချို့သောဒုက္ခသည်များနှင့် အလုပ်လုပ်ကိုင်ရန် တစ်နေ ရာမှတစ်နေရာသို့ရွေ့ပြောင်းနေထိုင်သူများသည် ရွေးကောက်ပွဲ မဲပေးသူ စာရင်း၌ ပါဝင်နိုင်ရန်အတွက် နယ်စပ်ဖြတ်ကျော် ခေတ္တဝင်ရောက်လာနိုင်ပါသည် (နိုင်ငံ၏ပြင်ပ၌မဲပေးခွင့်မရှိ ဟုယူဆလျက်)။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသိသိသာသာတိုးတက်မှုရှိလာပြီးနောက် အောင်မြင်သည့် ရွေးကောက်ပွဲလုပ်ငန်းစဉ်တစ်ခုသည် ဒုက္ခသည်နှင့် IDP အသိုက်အဝန်းများ၏ ယုံကြည်မှုကို တိုးပွားလာစေမည်ဖြစ်သော်လည်း ရွေးကောက်ပွဲများ ကျင်းပခြင်းသည် အမြဲတမ်း နေထိုင်ရန်အတွက် နိုဝင်ဘာလမတိုင်မီ ပြန်လာခြင်းများအား ရေလှိုင်းပမာ များပြားစေမှုဖြစ်ပေါ်နိုင်မည်မဟုတ်ပေ။

## (ခ) စီမံကိန်းရေးဆွဲရာ၌ ယူဆချက်များ

၁၁။ ဖြစ်နိုင်ခြေအရှိဆုံးစိတ်မှန်းအနာဂတ်ဖြစ်နိုင်ခြေပေါ်အခြေပြု၍ ကြည့်မည်ဆိုပါက အဓိက စိုက်ပျိုးရာသီ အမိုးလက်ရှိ ခြောက်သွေ့ရာသီ (၂၀၁၄ နိုဝင်ဘာလမှ ၂၀၁၅ မေလ) တွင်နေရင်းတိုင်းပြည်သို့ မိမိဆန္ဒအလျောက်ကောက်ကာ ငင်ကာနေရပ်ပြန်ခြင်းများမှာ တိုးပွားလာဖွယ်ရှိပြီး သေးငယ်သည့် အုပ်စုလိုက် နေရပ်ပြန်ရန်စီမံချက်များအတွက် ပမာဏနည်းလမ်းသစ်များ ပေါ်ပေါက်လာဖွယ်ရှိပါသည်။ ဒုက္ခသည်ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ များ၊ တိုင်းဒေသကြီးအဆင့် အစိုးရအာဏာပိုင်များ ပါဝင်မှုဖြင့် အထောက်အကူပေးရန် ပစ်မှတ်ထားရမည့် နေရာများသို့ ဖြစ်ပါသည်။ အခရာကျသည့် အခြေ အနေများပြည့်မှီပါက၊ တစ်ဦးချင်းသို့မဟုတ် အုပ်စုလိုက် ပြန်လာသူများအတွက် UNHCRမှ ဖြစ်မြောက်အောင်ဆောင်ရွက်ပေးနိုင်ပါသည်။ ယင်းအကူအညီ များကို အဓိကအား ဖြင့် မြန်မာနိုင်ငံအတွင်း၌ ပေးအပ်မည် ဖြစ်ပါသည်။

၁၂။ ၂၀၁၅ခုနှစ်မိုးရာသီအတွင်း (ဇွန်လမှ အောက်တိုဘာလ) ဒုက္ခသည်အချို့သာ ပြန်လာကြမည်ဖြစ်ပြီး၊ ၂၀၁၅နှစ်ကုန်ပိုင်း၌ ဒုက္ခသည်များ ထုနှင့်ထည်နှင့်စတင် ပြန်လာကြမည်ဟု ကြိုတင်မျှော်မှန်းရသည်။ အဓိကစံသတ်မှတ်ချက်များနှင့် ကိုက်ညီမည်ဟုယူဆချက်ပေါ်မူတည်၍ (အောက်၌ကြည့်ရှုပါရန်) UNHCR အနေဖြင့် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလမှ ၂၀၁၆ခုနှစ်၊မေလအထိ ခြောက်သွေ့ရာသီ အတွင်း စေ့ဆော်အားပေးကူညီမှုဖြင့် နေရပ်သို့ပြန်မှု အဆင့်သို့ပြောင်းလဲပြုလုပ်နိုင်သည်။

---

**၃) ဤမှတ်စု၏အခြေခံအာရုံစိုက်မှုမှာ ဒုက္ခသည်များမိမိဆန္ဒအလျောက် ထိုင်းနိုင်ငံမှနေရပ်သို့ပြန်ခြင်းဖြစ်သော်လည်း၊ ရောပြွန်း၍ပြန်ခြင်းများရေစီးဆင်းသည့်ပမာများပြားမှုနှင့်ယင်းဒေသရှိရပ်ရွာလူထုများ မိမိကိုယ်မိမိကာကွယ်နိုင်မှုစွမ်းရည်နည်းပါးသောကြောင့်၊ UNHCRသည် IDP များနှင့် ရပ်ရွာလူထုများကို အထောက်အကူပေးခြင်းအပေါ်၌ ဆက်လက်၍အာရုံစူးစိုက်သွားမည်ဖြစ်ပါသည်။**

၁၃။ အခရာကျသည့်ယူဆချက်တစ်ရပ်မှာ ဒုက္ခသည်အများစုသည်မူလနေရာအတိအကျ သို့မဟုတ် နိုင်သော်လည်း နေရင်းမြို့နယ်များသို့ပြန်ကြမည်ဟုဖြစ်ပါသည်။ ပြန်လည်ရောက်ရှိမည့်နေရာသည် မြို့ပြများ၊ မူလနေထိုင်ခဲ့ရာ နယ်မြေများ အတွင်းရှိ တောနယ်ကျေးရွာများနှင့် အခြေချနေထိုင်မည့် နေရာအသစ်များ အကြား ကွဲပြားနိုင်ပြီး လူအမြောက်အများအတွက်တော့ နယ်စပ်ဒေသအနီး၌ နေထိုင်လိုမှုသည် ပြန်သွားမည့်နေရာကိုရွေးချယ်ရာ၌ပါဝင်မည့် အချက်ဖြစ်ပါသည်။ မြေယာရရှိရေး သည် ရေရှည်ခိုင်မြဲသည့် နေရပ်ပြန်ရေးနှင့် စပ်လျဉ်း၍ ဖြေရှင်းရမည့် အထူးသဖြင့်အရေးပါသည့် စိန်ခေါ်မှုတစ်ရပ်အနေနှင့် ပေါ်ပေါက် လာမည်ဖြစ်ပါသည်။

၁၄။ IDPများနေရပ်ပြန်သွားခြင်းနှင့် ပတ်သက်၍လည်း အလားတူပြောင်းလဲလှုပ်ရှားမှုများ ရှိမည် ဖြစ်ပါ သည်။ ထို့အပြင်၊ ၎င်းတို့၏လိုအပ်ချက်များမှာ မကြာခဏသိသာများပြားပြီး၊ ၎င်းတို့အနေနှင့် မိမိကိုယ်မိမိ ကာကွယ်နိုင်မှုနည်းပါးသော အခြေအနေ၌ ဆက်လက်တည်ရှိနေသော်လည်း၊ ဤလိုအပ်ချက်များသည် ဒေသခံလူထု၏လိုအပ်ချက်များနှင့် ကွဲပြားမှုရှိနိုင်သည်ထက်၊ ဒေသတွင်း လက်ရှိလူမှုစီးပွားရေးနှင့် ကာကွယ်မှုအခြေအနေများကို ရောင်ပြန်ဟပ်မှုသာဖြစ်ပါသည်။ လုံခြုံရေး အခြေအနေကို ခြုံငုံ၍ကြည့်လျှင်တိုးတက်လာမည်ဖြစ်သော်လည်း၊ နေရာကွက်၍ လုံခြုံမှု မရှိခြင်း များနှင့် သဘာဝဘေးဒဏ်များကြောင့်အခါအားလျော်စွာ နေရပ်စွန့်ခွာမှုများရှိနိုင်ပါသည်။

အရေးပေါ်စီမံချက်များအသင့်ပြင်မှု

၁၅။ ဒုက္ခသည်များပြန်လာနိုင်ရန်အလားအလာရှိသည့် ထိုင်း-မြန်မာနယ်စပ်တလျှောက်ရှိဒေသသည်၊ ပဋိပက္ခများ၊ စီးပွားရေးခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့်သဘာဝဘေးအန္တရာယ်များကြောင့် အဖန် တလဲလဲနေရာရွှေ့ပြောင်း စွန့်ပြေးမှုများကိုမြင်တွေ့ခဲ့ရပါသည်။ ဤစာတမ်း၏ အခြေခံ ရည်မှန်းချက် သည် (ဘေးရန်ကင်းရှင်း၍ ရေရှည် ခံသည့်ပြန်လည်ဝင်ရောက်လာခြင်းသို့) လမ်းညွှန်မှုတစ်ရပ် ကမ်းလှမ်းရန်ဖြစ်သော်လည်း၊ ဒီထက်ပိုသည့် ရွှေ့ပြောင်းမှုများရှိနိုင်ခြေကို အကြောင်းကြောင်းကြောင့် ထည့်မတွက်ဘဲ ချန်လှပ်ထား၍မရပေ။ အဘက်ဘက်မှ အသင့်ပြင်ဆင် ထားမှုကို ပိုမိုမြှင့်တင်ရန် အတွက် ဤစာတမ်း၏ဘောင်အတွင်း၌ UNHCRသည် ခြိမ်းခြောက်မှုများနှင့် ယင်းတို့နှင့်နီးနွယ်တွဲဖက် နေသည့် အန္တရာယ်များကို စဉ်ဆက်မပြတ်သုံးသပ်မှုများ ပြုလုပ်ထားရှိမည် ဖြစ်ပါသည်။

## (ဂ) စီမံကိန်းအချက်အလက်များ

၁၆။ တစ်နှစ်ပတ်လုံး UNHCR၏မြန်မာနိုင်ငံ၌ ကွင်းဆင်းစောင့်ကြည့်ခြင်းနှင့် ထိုင်းနိုင်ငံမှဒုက္ခသည် အသိုက်အဝန်းများမှ အစီရင်ခံစာများအပေါ်အခြေခံ၍ ခန့်မှန်းရသည်မှာ ၂၀၁၄ခုနှစ်တွင် ဒုက္ခသည် များ မိမိဆန္ဒ အလျောက် ကောက်ကာငင်ကာ နေရပ်သို့ပြန်ခြင်းသည် အတန်အသင့်နည်း၍ ၅,၀၀၀ခန့်ကျင်ရှိခဲ့ပါသည်။

၁၇။ ၂၀၁၅ခုနှစ် စီမံကိန်းအချက်အလက်များမှာ မိမိဆန္ဒအလျောက် ကောက်ကာငင်ကာ နေရပ်သို့ပြန်သူ များသည် ၁၀,၀၀၀အထိဖြစ်၍၊ UNHCR အထောက်အကူဖြင့် နေရပ်ပြန်ခြင်းသည် ၁၀,၀၀၀ မှ ၂၀,၀၀၀ ဖြစ်ပါသည် (အဓိကအားဖြင့် မြန်မာနိုင်ငံအတွင်းရှိ အစုလိုက် နေရပ်ပြန်မှုနေရာများကို အထောက်အကူ ပေးမှုမှတဆင့်)။

၁၈။ ၂၀၁၆ခုနှစ် စီမံကိန်းရေးဆွဲရေးအတွက်အသုံးပြုထားသည့် ကိန်းဂဏန်းများမှာ UNHCR၏ စေ့ ဆော် အားပေးကူညီမှုဖြင့် နေရပ်သို့ပြန်ခြင်းသည် ၄၅,၀၀၀ဦး အထိဖြစ်ပြီး မိမိဆန္ဒအလျောက် ကောက်ကာ ငင်ကာ နေရပ်သို့ပြန်ခြင်းသည် ၅,၀၀၀ဦးဖြစ်ပါသည်။

**(ဃ) စံသတ်မှတ်ချက်များ**

၁၉။ ဒုက္ခသည်အများစု ပြန်လာနိုင်ရန်အတွက် ယေဘူယျအခြေအနေများက အထောက်အကူပြုမှု မရှိစဉ်၌ပင်၊ ၂၀၁၄-၂၀၁၅ ခြောက်သွေ့ရာသီအတွင်း၌၊ ဒုက္ခသည်များ၏ ကိုယ်တိုင်ကိုယ်ကျ တောင်းဆိုမှုတစ်ခုချင်းအပေါ် အခြေခံပြီး အခရာကျသည့် အခြေအနေများနှင့် ကိုက်ညီမှုရှိသည့် သတ်သတ်မှတ်မှတ် ရှိသည့်နေရာများသို့ မိမိဆန္ဒအလျောက် ပြန်သွားခြင်း များကို UNHCR အနေ နှင့်ပံ့ပိုးပေးမည်ဖြစ်သည်။ အထက်တွင်ဖေါ်ပြထားသကဲ့သို့၊ အထောက်အကူ တစ်ရပ်ရပ်ဖြင့် နေရပ်သို့ပြန်ခြင်းများ၏ အများစုသည် အစုလိုက်နေရပ်ပြန်ခြင်း စီမံချက်ပုံသဏ္ဍာန်ဆောင်မည်ဟု ခန့်မှန်းရပါသည်။

၂၀။ အောက်ပါစံနှုန်းများနှင့်ကိုက်ညီမှသာ အထောက်အကူပေးမှုကဏ္ဍ စတင်မည် ဖြစ်ပါသည်။

- ပြန်လာသူများကို လက်ခံရန်မြန်မာအာဏာပိုင်များက သဘောတူခြင်း၊
- တစ်ဦးချင်းသို့မဟုတ် အုပ်စုလိုက်ပြန်လာခြင်းများကို စီစစ်ရသည့် လုပ်ငန်း စဉ်များသည် အောက်၌ဖေါ်ပြထားသည့် အခရာကျသည့်အခြေအနေများနှင့် ကိုက်ညီမှုရှိခြင်း

၂၁။ တစ်သီးပုဂ္ဂလသို့မဟုတ် အုပ်စုလိုက် နေရင်းတိုင်းပြည်ပြန်ရန် လှုပ်ရှားမှုများ အတွက် UNHCR၏ အထောက်အကူရရှိရန်ရှိရမည့် အခြေ အနေများမှာ-

- မိမိဘာသာနေရပ်ပြန်သည့်သဘာဝကို သီးခြားအင်တာဗျူးများမှတဆင့် အတည်ပြုစီစစ်ခြင်း။
- ဒုက္ခသည်များပြန်လာရန်ရည်ရွယ်သည့်နေရာ၌ အရေးပါသည့် ကာကွယ် စောင့်ရှောက်မှု ဆိုင်ရာ ဘေးအန္တ ရယ်များလက်ရှိ၌ မရှိကြောင်းကို UNHCR ၏ အကဲ ဖြတ်ချက်ကအတည်ပြုပေးခြင်း၊
- နောက်ဆက်တွဲအထောက်အပံ့နှင့် စောင့်ကြည့်ရေးအတွက် နေရပ်ပြန်မည့် နေရာသို့ UNHCR မှ အပြည့်အဝသွားလာနိုင်မှု
- နေရပ်ပြန်မှုသည် ခေါင်းပုံဖြတ်မှုအစီအစဉ်တစ်ရပ်၏ တစိတ်တဒေသဖြစ်ကြောင်း သက်သေခံ အထောက်အထားမရှိခြင်း

၂၂။ စီစဉ်ထားသည့် အခြေချနေထိုင်မည့်နေရာများသို့ အုပ်စုလိုက်ပြန်ခြင်းကို သတ်သတ်မှတ်မှတ် အထောက်အကူပေးရန်အတွက် အောက်ပါထပ်ဆောင်း အခြေအနေများနှင့် လည်းကိုက်ညီရမည် ဖြစ်သည်။

- မြေတိုင်းခြင်း(ဆီလျော်ပါက) မြေမြုပ်မိုင်းဆိုင်ရာမြေပုံရေးဆွဲခြင်းနှင့် ပိုင်းခြား သတ်မှတ်ခြင်းများ လုပ်ဆောင်နေဆဲ သို့မဟုတ် လုပ်ဆောင်ပြီး ဖြစ်သည်။

- တည်နေရာသည် ခေတ္တအတွက်မဟုတ်ဘဲ အမြဲတမ်းနေထိုင်ရန် ပြန်လာ ခြင်းများကို လက်ခံရန် အတွက် ရည်ရွယ်ထားသည်။

- အစီအစဉ်များကို ဒုက္ခသည်များ၊ ပြန်လည်ရောက်ရှိလာသည့် ဒေသခံရပ်ရွာ လူထုများနှင့် တိုင်ပင်ရေးဆွဲထားသည်။

- အစီအစဉ်များအား မြန်မာအာဏာပိုင်များ၊ အဆိုပါဒေသရှိ တိုင်းရင်းသား လက်နက်ကိုင် အုပ်စုများ၊ ဒေသခံရပ်ရွာလူထုများက ခွင့်ပြုထား ပြီးဖြစ်သည်။

- ပြန်လာသူများအတွက် ရေရှည်ခိုင်မာမှုရှိစေရန် အစီအစဉ်များချမှတ်ပြီး ဖြစ်ရမည် (အထူးသဖြင့် မြေယာနှင့် အသက်မွေးဝမ်းကြောင်း အခွင့်အလမ်း များရရှိစေခြင်းဖြင့်)။

- မြေယာပိုင်ဆိုင်ခွင့်ကို ယင်းဒေသ၌ကျင့်သုံးလျက်ရှိသည့် တရားဝင် သို့မဟုတ် အလွတ်သဘော စနစ်များအရ ခွဲဝေထားပြီးဖြစ်ပါက ဒုက္ခသည်များ အား လုပ်ပိုင်ခွင့်လုံခြုံရေးရှိစေမည်ဖြစ်သည်။

၂၃။ ဒုက္ခသည်အများစု နေရပ်ပြန်ရေးအတွက် အထောက်အကူဖြစ်စေမည့် မြန်မာ နိုင်ငံအရှေ့တောင်ဖက်ပိုင်းတစ်ရောက်လုံး၌ ဥပဒေဆိုင်ရာနှင့် ရုပ်ဝတ္ထုနှင့်ခန္ဓာကိုယ်အတွက်လုံခြုံသည့် အခြေအနေများ ရှိမှသာ မိမိဆန္ဒအလျောက် နေရပ်သို့ပြန်ခြင်းအား UNHCRက **စေ့ဆော်အားပေးကူညီမှု** စတင် လုပ်ဆောင်မည်ဖြစ်သည်။

၂၄။ အထူးသဖြင့် အောက်ပါစံသတ်မှတ်ချက်များနှင့် ကိုက်ညီရမည်ဟု ခန့်မှန်းကြည့် ထားသည်။

- အမျိုးသားအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်တစ်ရပ်သို့တည်းမဟုတ် အခြားသော ရေရှည်တည်တံ့သည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်များရှိနေခြင်း။

- UNHCR သည် ပြန်လာသူများ၊ လက်ခံသည့် ရပ်ရွာလူထုများနှင့် အတွင်းရေးအဆင့်ရှိ တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်း အပါအဝင် ပြန်လာသည့် နေရာအများစုသို့ အဟန့်အတားမရှိ ဝင်ထွက်သွားလာခြင်းနှင့် ကာကွယ် စောင့်ရှောက်မှုစောင့်ကြည့်ခြင်းများ ပြုလုပ်နိုင်ခြင်း။

- ဒေသ သို့မဟုတ် နိုင်ငံတော်အဆင့်ရှိသည့် မိုင်းရှင်းလင်းရေးဆိုင်ရာထိ ရောက်မှုရှိသည့် မူဘောင်တစ်ခု ချမှတ်ထားခြင်း၊ အထူးသဖြင့် မြန်မာနိုင်ငံ အရှေ့တောင်ပိုင်းဒေသတစ်လွှား၌ ပြန်လာမည့် လမ်းကြောင်းများနှင့် နေရာ များကိုခွဲခြားသတ်မှတ်ထားခြင်းနှင့်မိုင်းအန္တ ရာယ်ဆိုင်ရာ ပညာပေးခြင်းများ အတွက် စနစ်တစ်ခုရှိခြင်း။

- လွတ်လပ်၍တရားမျှတမှုရှိသည့် ရွေးကောက်ပွဲများအတွက်စီမံကိန်းများကို ဆက်လက် လုပ်ဆောင်နေနိုင်ခြင်း၊ သို့မဟုတ် ဖြစ်နိုင်ခြေပိုမိုများပြားသည် မှာ မဲပေးမှု ပြီးဆုံးပြီးဖြစ်ကာ နိုင်ငံရေးအကူးအပြောင်းဖြစ်နေခြင်း။

- နေရပ်ပြန်လာသူများအတွက် အမျိုးသား ကာကွယ်စောင့်ရှောက်မှုတစ်ရပ်ကို ရှင်းလင်းစွာ ပြန်လည်ချမှတ်ထားသည့် နေရပ်ပြန်လာရေးဆိုင်ရာ သုံးပွင့်ဆိုင် သဘောတူညီချက်တစ်ရပ် ချမှတ်ထားခြင်း။

**အပိုင်း ၃။ ပတ်သက်မှုအတွက်မူဘောင်**

၂၅။ **ရည်မှန်းချက်ပန်းတိုင်။** မြန်မာနိုင်ငံသို့ပြန်ရန်ရွေးချယ်ထားသည့်ထိုင်းနိုင်ငံရှိ မြန်မာဒုက္ခသည်များသည် လုံခြုံစိတ်ချ၍ ဂုဏ်သိက္ခာရှိရှိဖြင့် မိမိသဘောဆန္ဒအလျောက် ပြန်လာနိုင်ရမည်။ လက်ခံသည့် ရပ်ရွာများနှင့် မိမိကိုယ်မိမိ ကာကွယ်နိုင်မှုနည်းပါသည့် IDPများ၏ လိုအပ်ချက်များကို ထိုက်သင့်သောအလေးထားမှုရှိသည့် ထိန်းထားနိုင်သည့် ပြန်လည်ဝင်ဆံ့ ပေါင်းစည်း မှုပြုနိုင်ရမည်။

**(က) မဟာဗျူဟာမြောက်မဏ္ဍိုင်များ**

၂၆။ ၎င်းတို့ကိုအဆင့်ဆင့်မိတ်ဆက်လုပ်ဆောင်လျှက်ရှိရာ၊ တစ်စုံတစ်ရာသောအချိန်အထိအပြိုင် ဆောင်ရွက်မည်ဖြစ်ပြီးအစဉ်အတိုင်း ရပ်နားသွားစေမည်ဖြစ်သည်။ သတ်မှတ်ထားသည့် ဒေသ၏ပြောင်းလည်းမှုများပေါ်မူတည်၍ ဤမဏ္ဍိုင်များကို ဦးစားပေးအစဉ်လိုက် ပြောင်းလဲ သတ်မှတ်နိုင်ပါသည်။ ရပ်ရွာများအားလုံးပါဝင်စေရန်စီမံထားပါသည်။ ဒုက္ခသည်များ ပြန်လည် ရောက်ရှိလျက်ရှိသည့် နေရာများ၌ပြန်လည်ရောက်ရှိလာသည့် IDPများကိုလည်း ပေါင်းစည်းပေးနိုင်ပါသည်။

**မဏ္ဍိုင် ၁။ အရံသင့်ရှိမှု**

၂၇။ ဤမဏ္ဍိုင်အား ၂၀၁၂ခုနှစ် နှောင်းပိုင်းတွင် အသက်သွင်းခဲ့ပြီး စေ့ဆော်အား ပေးကူညီမှု ကဏ္ဍ စတင်သည်အထိ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

၂၈။ ထိုင်းနိုင်ငံ၌ အဓိကကျသည့် လှုပ်ရှားမှုများ၌ ဒုက္ခသည်ခေါင်းဆောင်များ၊ ဒုက္ခသည်များနှင့် တစ်ဦးချင်းအလိုက်ဆွေးနွေးခြင်းများသည် ဆက်လက်ပါဝင်မည်ဖြစ်ပါသည်။ UNHCRသည် ကိုယ့်တိုင်းပြည်ကိုယ်ပြန်သွားမည့် အလားအလာများနှင့်ပတ်သက်၍ အာရုံစူးစိုက်အဖွဲ့များ ဆွေးနွေးခြင်းများကို တိုးချဲ့သွားမည်ဖြစ်ပါသည်။ ဒုက္ခသည်များနှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံ အရှေ့တောင်ဒေသရှိ အခြေအနေအကြောင်းသတင်းများပေးရန်နှင့် ၎င်းတို့၏မေးမြန်း လာသော မေးခွန်းများကို ဖြေကြားရန်အတွက် UNHCRမြန်မာရုံးမှ ဝန်ထမ်းများသည် စခန်းများသို့ ဆက်လက်သွားရောက်မည်ဖြစ်ပါသည်။ မိုင်းအန္တရာယ်အသိ ပညာပေးခြင်း (MRE)နှင့် အသက်မွေးဝမ်း ကြောင်းမှု ဆိုင်ရာ လှုပ်ရှားမှုများကို မိတ်ဖက်များက ဆက်လက်လုပ်ဆောင် သွားမည်ဖြစ်သည်။ ၂၀၁၃-၂၀၁၄ခုနှစ် တွင်ပြုလုပ်ခဲ့သည့် ဒုက္ခသည် အကြောင်းတစေ့တစောင်းလေ့လာချက်အား ပိုင်းခြားစိတ်ဖြာလေ့လာခြင်းကို လူသားချင်းဆိုင်ရာရေရှည်စီမံကိန်းများရေးဆွဲမှုလုပ်ငန်းစဉ်များ ပိုမိုထောက်ပံ့ရန်အတွက်

အသုံးပြုမည်ဖြစ်သည်။ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ ဇောက်ချည်ညှိနိုင်းမှု နည်းလမ်းများကို အင်းအားတောင့်တင်းအောင်လုပ်ဆောင်၍၊ ထိုင်းအစိုးရနှင့် အခြားပါဝင်ဆောင်ရွက်လျှက်ရှိသူများနှင့် အစည်းအဝေးများကို ပုံမှန်ပြုလုပ် မည်ဖြစ် ပါသည်။

၂၉။ မြန်မာနိုင်ငံတွင်အဓိကအားဖြင့် ရေ၊မိလ္လာနှင့် တကိုယ်ရေသန့်ရှင်းရေး (WASH)၊ အသက်မွေးဝမ်းကျောင်း၊ လိင်နှင့် ကျား/မပေါ်မူတည်၍ အကြမ်းဖက်မှု (SGVB) တို့ကို တားဆီးခြင်းနှင့် တုန့်ပြန်ခြင်း၊ ရပ်ရွာလူထုကို စည်းရုံး ခြင်း စသည့်စီမံချက် အမျိုးမျိုးကို ဆက်လက်လုပ်ဆောင်သွားမည် ဖြစ်ပါသည်။ ၎င်းတို့သည် ဒုက္ခ သည်များ ပြန်လာနိုင်မည့်နေရာများ၌ ကာကွယ်စောင့်ရှောက်မှုနှင့် လက်ခံနိုင်မှုစွမ်းရည်တို့ကို မြှင့်တင်ရန်ရည်ရွယ် ပါသည်။ ဤသို့လုပ်ဆောင်ရာ၌ အခရာကျသည့် ဒုက္ခသည်များ၏ ဇာတိ မြို့နယ်များကို အထူးအလေးထားမည်ဖြစ်ပါသည်။ ၂၀၁၅ခုနှစ်၌ ဒုက္ခသည် များ၏ အကြောင်းတစ်စေ့တစ်စောင်း လေ့လာချက်မှရရှိသည့် ကိန်းဂဏန်းများ ပေါ်မူတည်၍ ပစ်မှတ်ထားသည့် နေရာများကို အသေးစိတ်မွမ်းမံသွားမည် ဖြစ်သည်။ကာကွယ်စောင့်ရှောက်မှု စွမ်းရည်မြှင့်တင်ခြင်းကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ တာရှည်ခံသည့် ဖြေရှင်းနည်းများနှင့် ဆက်စပ် သည့် နိုင်ငံတကာစံချိန်စံနှုန်းများအကြောင်း သင်တန်းများ ပို့ချခြင်းပါဝင်ပါ သည်။ ယင်းသင်တန်းများသည် ပြည်နယ်နှင့် မြို့နယ်အဆင့်ရှိ အစိုးရ အရာရှိများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တကွဆက်နွယ်မှုရှိသည့် ရပ်ရွာလူထု အခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သည့်အဖွဲ့ အစည်းများ၊ အရပ်သားလူမှုအဖွဲ့ အစည်းများအတွက် ဖြစ်ပါသည်။ မြေမြှုပ်မိုင်းထိသူများအတွက် အကူအညီအားမိတ်ဖက်အဖွဲ့ တစ်ဖွဲ့မှတစ်ဆင့် ဆက်လက်ပေးအပ်သွားမည်ဖြစ်သည်။

၃၀။ မဲဆောက်နှင့်ဘားအံရှိ သတင်းအချက်အလက်စီမံခန့်ခွဲမှုယူနစ်များသည် ဒုက္ခသည်များအား ပင်ရင်းမှရရှိသည့်၊ အားကိုးအားထားမှုပြုနိုင်သည့် သတင်းအချက်အလက်များကိုပေးအပ်နိုင်ရေးအတွက် သက်ဆိုင်ရာပါဝင်သူများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုခိုင်မာစေရန် လုပ်ဆောင်သွားမည်ဖြစ် သည်။ ထိုစဉ်မှာပင်၊ UNHCR မြန်မာ၏ မဟာဗျူဟာသည် ၂၀၁၃ခုနှစ်၊ ဇွန်လ တွင် ထုတ်ဝေခဲ့သည့် ပြန်လာသူများကို စောင့်ကြည့်ရေးစနစ်တစ်ခုအပေါ် ဆက်လက်၍ ဗဟိုပြုသွားမည်ဖြစ်ပြီး၊ ယင်းကိုလက်ရှိရပ်ရွာလူထုအဆင့်နည်းလမ်းမျိုးမဟုတ်ဘဲ တစ်သီးပုဂ္ဂလ သို့မဟုတ် အိမ်ထောင်စုအဆင့်နည်းလမ်း တစ်ခုကိုချမှတ်ရန် အထောက်အကူတစ်ရပ်ရပ်ဖြင့် နေရပ်ပြန်ခြင်းအဆင့်၌ ပြုပြင်ဆောင်ရွက်သွားမည် ဖြစ်သည်။

၃၁။ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းနှင့် တာရှည်ခံသည့်ဖြေရှင်းနည်းများဆိုင်ရာလုပ်ငန်းနစ်ရပ် စလုံး၌ မူဝါဒစာတမ်းများနှင့် လမ်းညွှန်မှုပေးချက်အမျိုးမျိုးကိုပြုစုထားပြီး လိုအပ်ပါက

၎င်းတို့အားပိုမိုကျယ်ပြန့်စွာဖြန့်ဝေခြင်း၊ ချဲ့ထွင်ခြင်း နှင့်/ သို့မဟုတ် ဖြည့်စွက် ရေးသားခြင်း များ လုပ်ဆောင်သွားမည်ဖြစ်သည်။

၃၂။ အောက်ဖော်ပြပါ လှုပ်ရှားဆောင်ရွက်မှု (၃)မျိုးအား ၂၀၁၄ခုနှစ်နှောင်းပိုင်း/ ၂၀၁၅ခုနှစ် နှစ်ဦးပိုင်းတွင် ဦးစားပေးသတ်မှတ်သွားမည်ဖြစ်သည်။

- ထိုင်းနိုင်ငံရှိဒုက္ခသည်စခန်း ၉ခုမှ ဒုက္ခသည်များအားစစ်ဆေးကာ မှတ်တမ်း မှတ်ရာများ ထားခြင်းနှင့် စမတ်ကဒ်များ သို့မဟုတ် အခြားသော သက်သေခံ အထောက်အထား စာရွက်စာတမ်းများထုတ်ပေးခြင်း။

- နေရပ်ပြန်ခြင်းအပေါ် မြေယာနှင့်ဆက်စပ်သည့် စိန်ခေါ်မှုများကို ပိုင်းခြားစိတ်ဖြာ လေ့လာခြင်းများ၊ ဒုက္ခသည်များအကြောင်း တစေ့တစောင်းလေ့လာချက်များမှ ရရှိသည့် ရလဒ်များအပေါ်၌ ဆက်လက်တည်ဆောက်ခြင်း၊ ဒုက္ခသည်များ မြေယာရရှိရေး ကိစ္စကို ကိုင်တွယ်ဖြေရှင်းရာတွင် ထောက်ခံအားပေးမှု ရပ်တည်ချက်များနှင့် နည်းပညာဆိုင်ရာ အကြံပေးမှုများကိုရေးဆွဲ ခြင်း။

- အထောက်အကူတရပ်ရပ်ဖြင့် နေရပ်ပြန်ခြင်းနှင့် စေ့ဆော်အားပေးကူညီမှု ဖြင့်နေရပ် ပြန်ခြင်းတို့နှင့် ဆက်စပ်စဉ်းစားရာ၌ နေရပ်ပြန်သူများ၏ အမိုးအကာလိုအပ်ချက်များကို ဖြေရှင်းပေးရန် မဟာဗျူဟာတစ်ခု ရေးဆွဲခြင်း။

၃၃။ မိမိဆန္ဒအလျောက်နေရပ်ပြန်မှုအတွက် UNHCR ဦးဆောင်သည့်ညှိနှိုင်းမှု နည်းလမ်းတစ်ခု သည် ထိုင်းနိုင်ငံ၌ ၂၀၁၂ခုနှစ် ကတည်းကပင် လှုပ်ရှား ဆောင်ရွက်လျှက်ရှိပြီး အလှူရှင်များ၊ NGOများ၊ ဒုက္ခသည်ခေါင်းဆောင်များ၊ အလှူရှင်များနှင့် လူသားချင်းစာနာမှု အေဂျင်စီများ ဆိုင်ရာ လုပ်ငန်းအုပ်စု (DHA-WG)တို့ ပါဝင်ကြသည့် မိမိဆန္ဒအလျောက် နေရပ်ပြန်မှု ညှိနှိုင်းရေးအဖွဲ့ (VRCG) လည်း ပါဝင် ပါသည်။ အဆိုပါဖွဲ့စည်းမှုများကို လေးလတစ်ကြိမ် ကျင်းပသည့် ပါဝင်ပတ်သက် သူများအစည်းအဝေးနှင့် ကဏ္ဍအလိုက် ခေါင်းဆောင်များနှင့် ပုံမှန်လုပ်ငန်းဆောင်ရွက်မှု စီမံကိန်းများရေးဆွဲရေးဆိုင်ရာ တိုင်ပင်ဆွေးနွေးခြင်းတို့က အထောက်အကူပေးပါသည်။

၃၄။ မြန်မာနိုင်ငံတွင် ၂၀၁၄ခုနှစ်ကုန်ပိုင်း၌ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းကို ညှိနှိုင်း ဆောင်ရွက်ရန် နည်းလမ်းတစ်ရပ်ကို (အမျိုးသားနှင့်ပြည်နယ်/တိုင်း ဒေသကြီး အဆင့်များ၌) UNHCR ကဖွဲ့စည်းသွားရန်ဖြစ်ပါသည်။ အခရာကျသည့် ကဏ္ဍရပ်များ တစ်ခုချင်းအတွက် ဗဟိုချက်အဖြစ် ဦးဆောင်သူများ ထားရှိမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ရှိနှင့်ပြီးသား ညှိနှိုင်းဆောင်ရွက် မှုနည်းလမ်းများဖြစ်ကြသည့် အရှေ့-တောင်တိုင်ပင်မှု အစည်းအဝေး စသည်တို့အပေါ် အခြေခံတည်ဆောက်သွားမည်ဖြစ်ပြီး မြန်မာအစိုးရ၊ တိုင်းရင်းသား

လက်နက်ကိုင်အဖွဲ့များ၊ ဒေသခံအစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ရပ်ရွာလူထု အခြေပြုအဖွဲ့များ၊ ရပ်ရွာလူထု နှင့် ဒုက္ခသည်/ပြန်လည်ရောက်ရှိသူ ကိုယ်စားလှယ်များ စသည်တို့ ပါဝင်သည့် ပိုမိုကျယ်ပြန့်သည့် မူဝါဒစင်မြင့်တစ်ခု နှင့်ချိတ်ဆက်သင့်ပါသည်။ ထိုနည်းလမ်းသည်၊ သက်ဆိုင်ရာအာဏာပိုင်များပါဝင်လျက် ဘုံမဟာဗျူဟာမြောက်ပိုင်းခြား စိတ်ဖြာလေ့လာချက်တစ်ခုနှင့် မိမိဆန္ဒအလျောက်နေရပ်ပြန်မှုကိုလိုအပ်သည့် အရင်းအမြစ်များရှိမည်ဖြစ်ပါသည်။

၃၅။ ပြင်ဆင်မှုအဆင့်၌ရှိစဉ်၊ မိမိဆန္ဒအလျောက်နေရပ်ပြန်မှုကိုအုပ်ချုပ်မည့်မူဘောင် တစ်ခုကို စတင်ဆွေးနွေးရန်လိုအပ်မည်ဖြစ်ပါသည်။ ယင်းအတွက်ထိုင်းအစိုးရ၊ မြန်မာအစိုးရနှင့် UNHCR တို့အကြား ချုပ်ဆိုသည့် သုံးပွင့်ဆိုင် သဘောတူညီ ချက်တစ်ရပ်သည် ကမ္ဘာအနှံ့ အခြားအရပ်များ၌တွေ့မြင်ရသည့် အစမ်းသပ်ခံပြီးဖြစ်သည့် မော်ဒယ်အမျိုးအစားဖြစ်ပါသည်။ ထိုဆွေးနွေးပွဲများကို စတင်လုပ်ဆောင်နေပြီဖြစ်ပြီး၊ ဆက်လက်လုပ်ဆောင်သွားမည်ဟု မျှော်လင့်ရပါသည်။

## မဏ္ဍိုင် ၂။ မိမိဆန္ဒအလျောက်ကောက်ကာင်ကာနေရပ်ပြန်သူများအား အထောက် အကူပေးခြင်း

၃၆။ UNHCR၏ကွင်းဆင်းစောင့်ကြည့်မှုများအရ မြန်မာနိုင်ငံသို့ဒုက္ခသည်များနေရပ်ပြန်မှုနှုန်းသည် ယခုအချိန်အထိ နိမ့်ကျနေပြီး၊ ပြီးခဲ့သည့်နှစ်တွင် ၅,၀၀၀ခန့်အပါအဝင် လွန်ခဲ့သောသုံးနှစ် (၂၀၁၂ မှ ၂၀၁၄အထိ) ထိုသို့ပြန်မှုများခန့်မှန်းခြေမှာ ၁၀,၀၀၀ ကျော်ရှိပါသည်။ ၂၀၁၄ခုနှစ်တွင်လည်း အလားတူ အရေအတွက်အတိုင်းပင်ဖြစ်မည်ဟုမျှော်လင့်ရပါသည်။ ၂၀၁၄-၂၀၁၅ ခြောက်သွေ့ရာသီတွင်မူ နှုန်းထားတိုးမြင့်လာနိုင်ပါသည်။ IDPများသည်လည်း မိမိဆန္ဒ အလျောက် နေရပ်ပြန်မှုများ ပိုမိုများပြားလာလျက်ရှိပါသည်။

၃၇။ နေရပ်ပြန်သူများစောင့်ကြည့်ရေးစနစ်မှ တစ်ဆင့် UNHCR မြန်မာသည် ၂၀၁၂ခုနှစ် ဇန်နဝါရီလမှ စတင်၍ IDPနှင့်/သို့မဟုတ် ဒုက္ခသည်များ ပြန်သွား ခဲ့သည့်နေရာ (၆၆) နေရာတွေ့ရှိခဲ့ပါသည်။ ထိုမှန်ကန်ကြောင်းဆန်းစစ်အတည်ပြုပြီးဖြစ်သည့် ပြန်ရောက်ရာ ကျေးရွာများကို ရပ်ရွာလူထုအခြေပြုအထောက်အကူနှင့် အစားအသောက်မဟုတ်သည့် ပစ္စည်းများဖြန့်ဝေခြင်းတို့အတွက်ဦးစားပေးမည်ဖြစ်ပါသည်။ ထိုသို့ဦးစားပေးဆောင်ရွက်ခြင်းသည်ဒုက္ခသည်များကိုယ်တိုင်ရွေးချယ်မှုနှင့် ရပ်ရွာလူထုတစ်ရပ်လုံးကိုထောက်ပံ့ရန်နည်းလမ်းတစ်ခုဖြစ်ပြီး၊ တချိန်တည်းမှာပင် နေရပ်ပြန်ရန်စဉ်းစားနေမည့်သူများ၏ယုံကြည်မှုကို တည်ဆောက်ပေးလျက်ရှိပါသည်။ မှန်ကန်ကြောင်းဆန်းစစ်အတည်ပြုပြီးသည့် နေရပ်ပြန်သူများနေထိုင်ရာအရပ်များ၏ အရေအတွက်တိုးပွားလာသည်နှင့်အမျှအထောက်အကူကို လည်း တိုးချဲ့ပေးအပ်မည်ဖြစ်ပါသည်။

၃၈။ ၂၀၁၃ခုနှစ်တွင်ရေးဆွဲခဲ့သည့်မိမိဆန္ဒအလျောက် ကောက်ကာငင်ကာ နေရပ် ပြန်သူများ၏ အရေအတွက် တိုးလာသည်နှင့်အမျှ ၎င်းတို့အတွက် တပေါင်းတစည်းတည်းထောက်ပံ့မှု (ISSR) လုပ်နည်းကိုင်နည်းတစ်ရပ်ကို စတင်ဖော်ဆောင်နေပြီဖြစ်ပါသည်။ ဤနည်းလမ်းသည် ယခင်က ရွှေ့ပြောင်းတိမ်းရှောင်ရသည့် ရပ်ရွာလူထုများနှင့် မရွှေ့ပြောင်းဘဲနေခဲ့သည့် ရပ်ရွာလူထုများအတွက်ပါ အကျိုးကျေးဇူးရှိစေပြီး၊ မှန်ကန်ကြောင်းဆန်းစစ်အတည်ပြုပြီး ပြန်လည်ရောက်ရှိသူများ နေထိုင်သည့်ကျေးရွာများ၌ ရပ်ရွာလူထုအခြေပြုထောက်ပံ့မှု အထုပ်များ ပေးအပ်ရန်မှန်းကြည့်ထားပါသည်။

၃၉။ ၂၀၁၅ခုနှစ် ဦးပိုင်းတွင် မိမိဆန္ဒအလျောက်နေရပ်ပြန်သူများရှိသည့် နေရာများကို ပစ်မှတ်ထားသည့် စီမံကိန်းအသစ်နှစ်ခုကိုစတင်ဖော်ဆောင်ခဲ့ပါသည်။ ၎င်းတို့ကို (က) ရပ်ရွာလူထုက လှုံ့ဆော်လှုပ်ရှားသည့် အသက်မွေးဝမ်းကြောင်းမှုအထောက်အကူနှင့် (ခ)ဒေသခံ မိတ်ဖက်များပါဝင်သည့် ရပ်ရွာအခြေပြု ကာကွယ်စောင့်ရှောက်မှုနည်းလမ်းများကို IDP ပြန်လည်ရောက် ရှိသူများရှိသည့် ရပ်ရွာသိုက်အဝန်းများ၌ ကနဦးကွင်းဆင်း စမ်းသပ်မည် ဖြစ်ပါသည်။ ရည်ရွယ်သည်မှာ အထောက်အကူ တစ်ရပ်ရပ်ဖြင့် ပြန်လာခြင်းနှင့် /သို့မ ဟုတ် စေ့ဆော်အားပေးကူညီမှုတို့ဖြင့်ပြန်လာခြင်းအခြေအနေ၌ ၎င်းစီမံချက်နှစ်ရပ်ကို ပိုမိုကျယ်ပြန့်သည့်အတိုင်းအတာနှင့် စတင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ ၎င်းကာလအတွင်း၌ အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ မဟာဗျူဟာတစ်ရပ်ကို ရေးဆွဲထားပြီးဖြစ်၍ စမ်းသပ်လုပ်ဆောင်မည် ဖြစ်ပါသည်။

၄၀။ UNHCR၏ စေ့ဆော်အားပေးကူညီမှုအဆင့်ကို စတင်လုပ်ဆောင်သည့် အချိန်သို့ရောက်ရှိလာသည်အထိ UNHCRသည် ပြန်လည်ရောက်ရှိမှုကို စောင့်ကြည့်သည့် ဖြစ်စဉ်မှတဆင့် မှန်ကန်ကြောင်း ဆန်းစစ်အတည်ပြုထားသည့်  မိမိဆန္ဒအလျောက်နေရပ်သို့ ကောက်ကာငင်ကာပြန်၍ရောက်သည့်နေရာများကို အထောက်အကူဆက်လက် ပေးနေမည် ဖြစ်ပါသည်။ ထိုသို့ရောက်ရှိ လာသည့် ခဏ၌ ဒုက္ခသည်များ မိမိဆန္ဒအလျောက် ကောက်ကာငင်ကာ နေရပ်ပြန်လာမှု နှုန်းထားများ သိသာစွာ ကျဆင်းသွားမည်ဟု မှန်းကြည့်ရပါသည်။ IDPများ၏ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းများသည် အထောက်အကူတစ်ရပ်ရပ်ဖြင့် ပြန်ခြင်းနှင့် စေ့ဆော်အားပေးကူညီမှုနှင့် ပြန်ခြင်းအဆင့် နှစ်မျိုးစလုံးအတွင်း ဆက်လက်ဖြစ်ပွားနေမည်ဟု မျှော်လင့်ရပါသည်။ ထိုကာလ၌ ၎င်းပုဂ္ဂိုလ်တစ်ဦး ချင်းသည် ရပ်ရွာလူထုအပေါ် အခြေပြုသည့် အကူအညီများကို ISSR အမြင် သဘောထားနှင့်အညီ ဆက်လက်ရရှိမည် ဖြစ်ပါသည်။

**မဏ္ဍိုင်၃။ အုပ်စုလိုက်နေရပ်ပြန်ခြင်းစီမံချက်များနှင့် ဆက်စပ် စံကိုက်ချိန်ညှိထားမှု အပါ အဝင်၊ နေရပ်ပြန်ခြင်းများကို  လွယ်ကူချောမောအောင်ဆောင်ရွက်ပေးခြင်း။**

၄၁။ မိမိဆန္ဒအလျောက်နေရပ်ပြန်ခြင်းများအတွက် လွယ်ကူချောမောအောင်ဆောင် ရွက်ပေးမှု စတင်ရန် စံသတ်မှတ်ချက်များကို အခန်း၂တွင် ဖော်ပြထားပါသည်။ ထိုစံသတ်မှတ်ချက်များနှင့်အတူ သတ်မှတ်နေရာတစ်ခုသို့ ပြန်ခြင်းအတွက် လွယ်ကူချောမောအောင် မဆောင်ရွက်မီ ရှိနှင့်ထားရမည့် အခြေအနေများကိုလည်း ဖော်ပြထားပါသည်။ လွယ်ကူချောမောအောင်ဆောင်ရွက်ပေးမှုသည် တစ်ဦးခြင်းသို့မဟုတ် အုပ်စုလိုက်သို့ ဖြစ်နိုင်သော်လည်းတိုင်းရင်းသားလက်နက် ကိုင် အဖွဲ့အစည်းများ၊ ပြည်နယ် အစိုးရအရာရှိများနှင့် ညှိနှိုင်း ဆွေးနွေးလျက် ဒုက္ခသည်များကိုယ်တိုင် စီမံခန့်ခွဲသည့် အုပ်စုလိုက်နေရပ်ပြန်ခြင်းများနှင့် ဆက်စပ်မှုအပေါ် အဓိကထားအာရုံစူးစိုက်ရန် မျှော်ကြည့်ထားပါသည်။ သတ်မှတ်ထားသည့် နေရာများ၌ မြေယာများချမှတ်ပေးမှုလည်းပါဝင်နိုင်ပါသည်။ ထို့အပြင် များစွာသောအုပ်စုလိုက် နေရပ်ပြန်ခြင်းစီမံချက်များသည် ဒုက္ခသည်များနှင့် IDPs များ ရောနှောပါဝင်နေသည့် နေရပ်ပြန်မှုစီးကြောင်းများနှင့် ပါဝင်ပတ်သက်မှုရှိမည်ဟု ကြိုတင်ခန့်မှန်းထားပါသည်။

၄၂။ အထောက်အကူတစ်ရပ်ရပ်ဖြင့် မည်သည့်နေရပ်ပြန်ခြင်းကိုမျှမပြုမီနှင့် UNHCR၏ ပါဝင်ပတ်သက်မှုကို လမ်းညွှန်ပြသရန်တို့အတွက် အထက်ပါ အပိုဒ်၂တွင် ဖော်ပြထားသည့် အခြေအနေများ ပြည့်မှီပြီးကြောင်း သေချာစေရန်အတွက် စံအဖြစ်သတ်မှတ်ထားသည့် လုပ်နည်းလုပ်ဟန်များ (SOPs)ကို UNHCR မြန်မာနှင့်ထိုင်းတို့က ပူးပေါင်းရေးဆွဲလျက်ရှိကြပါသည်။ ဖြစ်နိုင်ပြီးလျော်ကန်မှုရှိသည့်နေရာများ၌ သွားကြည့်လေ့လာရေး အလည်အပတ်များကို၊ ပြုလုပ်ပေးဖြစ်ပြီး UNHCR သည် ဒုက္ခသည်များ၊ လက်ခံသည့် ရပ်ရွာလူထုနှင့်တကွ မြန်မာအာဏာပိုင်များနှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများစသည့် အခြားအခရာကျသည့် ပါဝင်ပတ်သက်သူများနှင့် တိုင်ပင်ဆွေးနွေးမည် ဖြစ်ပါသည်။

၄၃။ တစ်ဦးချင်းနေရပ်သို့ပြန်ခြင်းများနှင့် အုပ်စုလိုက်နေရပ်ပြန်ခြင်း စီမံချက်နှစ်မျိုး စလုံးနှင့် UNHCR၏ ပါဝင်ပတ်သက်မှုကို SOPများက လမ်းညွှန်ပြသမည်ဖြစ်ပါ သည်။ အခြေအနေများပြောင်းလဲဖြစ်ပေါ်လာသည်နှင့်အမျှ၊ အုပ်စုလိုက်နေရပ်ပြန်ခြင်းစီမံချက်များနှင့် ပါဝင်ပါတ်သက်မှု၏ သဘာဝနှင့် ပါဝင်သည့် အကြောင်းအရာများသည် ဆက်လက်၍ အရေးပါမှုနှင့် စီလျော်မှုရှိရေးသေချာစေရန်အတွက် အထောက်အကူတစ်ရပ်ပေးမှုကဏ္ဍတစ်လျောက်လုံး၌ စောင့် ကြည့်မှုကို ဆက်လက်လုပ်ဆောင်မည်ဖြစ်ပါသည်။ အကယ်၍ ၂၀၁၅ခုနှစ်တွင် စတင်လုပ်ဆောင်ရန်မျှော်မှန်းထားသကဲ့သို့နေရပ်ပြန်လာခြင်းကို စေ့ဆော်အားပေးကူညီမှု စတင်ဖြစ်လာခြင်းမရှိပါက၊ နေရပ်ပြန်ရန် အထောက်အကူ တစ်ရပ်ရပ်ပေးခြင်းနည်းလမ်း၌

ပါဝင်သည့် အကြောင်းအရာများကို အချိန်နှင့်အမျှညှိခြင်းနှင့်/ သို့မဟုတ် တိုးချဲ့ခြင်း ပြုလုပ်ကောင်း ပြုလုပ်မည်ဖြစ်ပါသည်။

၄၄။ မထွက်ခွာမီ ကြိုတင်ပေးအပ်သည့်အကူအညီသည် ဆွေးနွေးလမ်းညွှန်ခြင်းနှင့် သတင်းအချက်အလက်ပေးခြင်း၊ မိမိဆန္ဒအလျောက်ဖြစ်ကြောင်း ဆန်းစစ်အတည်ပြုခြင်းနှင့်၊ အပိုင်း၂၃မှဖော်ပြထားသည့် အခြေအနေများ နေရာတကျ ရှိပြီးဖြစ်မှု၊ အဖော်မပါခရီးသွားသည့် ကလေးသူငယ်များအားမိသားစုမှ ခြေရာကောက်ခြင်း၊ ဆေးစစ်ဆေးခြင်းနှင့် လွှဲပြောင်းပေးခြင်း၊ ကျန်းမာရေးမိတ်ဖက် များနှင့်ညှိနှိုင်းခြင်း (ဥပမာ - ကာကွယ်ဆေးထိုးခြင်း၊ ကြားကာလအတွက် ဆေးဖက်ဆိုင်ရာ ထောက်ပံ့ပစ္စည်းများ/ကုသမှုများ) အပါအဝင်၊ အထူးလိုအပ် ချက် များရှိနေသည့်ပုဂ္ဂိုလ်များ (PSNs) ကိုရွေးထုတ်ခြင်း၊ လွှဲပြောင်းပေးခြင်းနှင့် ဖြစ်နိုင်ဖွယ်ရှိသောပို့ဆောင်ခြင်းတို့အပေါ်၌ အာရုံစူးစိုက်မည်ဖြစ်ပါသည်။ ထွက်ခွာသည်နှင့် တပြိုင်နက်ဒုက္ခသည်များကို UNHCR ထိုင်းက ဒုက္ခသည် စာရင်းမှ ပယ်ဖျက်မည်ဖြစ်ပါသည်။

၄၅။ မြန်မာနိုင်ငံ၌ ရပ်ရွာအခြေပြု ISSR နည်းလမ်းကို ကျင့်သုံးမည်ဖြစ်ပါသည်။ ထို့အပြင်၊ တစ်ဦးချင်း၏ လိုအပ်ချက်များအပေါ်တွင် အခြေပြုလျက်ပေးအပ်သည့် ဆိုက်ရောက် အကူအညီ၌ စားနပ်ရိက္ခာများ၊ အစားအသောက် မဟုတ်သောပစ္စည်းများ၊ မြို့ပြသက်သေခံ အထောက် အထားစာရွက်စာတမ်းများ ရရှိရန်အထောက်အကူများ၊ ပညာသင်နိုင်ရေးနှင့် EVI များကို ထောက်ပံ့ခြင်း များလည်းပါဝင်နိုင်ပါသည်။ UNHCR၏ ရပ်ရွာလူထုအခြေပြု အထောက်အကူ သည် တိုင်ပင်မှုနှင့်ပါဝင်မှုနည်းလမ်းကို အသုံးပြုသော စီမံကိန်းရေးဆွဲခြင်း၊ WASH၊ အသက်မွေးဝမ်းကြောင်းမှု များ၊ (အထက်တွင်ဖော်ပြခဲ့သော နည်းလမ်း များကို တိုးချဲ့ခြင်းမှ တဆင့်) ကာကွယ်စောင့်ရှောက်ခြင်း၊ နှင့် အလားအလာ ပေါ်မူတည်၍ အမိုးအကာအပေါ်တွင် အာရုံစိုက်ဆောင်ရွက်ရန် မျှော်ကြည့်ထားပါသည်။

၄၆။ ၂၀၁၃ခုနှစ် ဇွန်လတည်းက ကျင့်သုံးလျက်ရှိပြီးဖြစ်နိုင်ခြေရှိသည့် ပြန်လာမည့် ဒေသများ၌ အခရာကျသည့် သတင်းပေးသူများနှင့် ရပ်ရွာလူထုအဆင့်ရှိ ဆွေး နွေးမှုများ ပတ်လည်၌ ဗဟိုပြုသည့် UNHCR၏လက်ရှိကျင့်သုံးလျက်ရှိသည့် ပြန်လည်ရောက်ရှိသူများကို စောင့်ကြည့်ရေးစနစ်ကို၊ လိုက်ဖက် အောင်ပြုပြင် သွားမည်ဖြစ်ပါသည်။ ဤသို့ပြုပြင်ခြင်း၏ ရည်ရွယ်ချက်မှာ အထောက်အကူ တစ်ရပ်ရပ်ဖြင့် နေရပ်ပြန်ခြင်းကဏ္ဍ၌ UNHCR၏ ပါဝင် ပတ်သက်မှုကိုအထောက် အကူပြုရန် ဖြစ်ပါသည်။

၄၇။ စေ့ဆော်အားပေးကူညီမှုဖြင့် နေရပ်ပြန်မှုများကို စတင်သည့်အခါ၌၊ အထောက်အကူ တစ်ရပ်ရပ်ဖြင့် နေရပ်ပြန်မှုကို ရပ်ဆိုင်းလိုက်မည်ဖြစ်ပါသည်။

## မဏ္ဍိုင်၄။ မိမိဆန္ဒအလျောက်နေရပ်ပြန်သူများအတွက် UNHCR မှ စေ့ဆော်အားပေး ကူညီမှု နှင့် ကနဦးပြန်လည်အခြေချနေထိုင်မှုအထောက်အကူ

၄၈။ မှန်းကြည့်ချက်အနေဖြင့် မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းများကို UNHCRမှ စေ့ဆော်အားပေးကူညီမှုဖြင့် ၂၀၁၆ခုနှစ်ဦးပိုင်းတွင် ကနဦးစတင်၍ ၂၀၁၆-၂၀၁၇ ခြောက်သွေ့ရာသီကာလများ၌ ဆက်လက်လုပ်ဆောင်၍ ၎င်းကို၂၀၁၇ခုနှစ်တွင် အဆင့်လိုက်ရပ်ဆဲသွားမည် ဖြစ်ပါသည်။

၄၉။ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၌ လူတစ်ဦးခြင်းအလိုက် ဆွေးနွေးလမ်းညွှန်ခြင်း၊ မိမိဆန္ဒအလျောက်ဟုတ်မဟုတ် ဆန်းစစ်အတည်ပြုခြင်းကို စခန်းအဆင့်၌ပြုလုပ်ခြင်း၊ မိမိကိုယ်မိမိကာကွယ်နိုင်မှုနည်းသောပုဂ္ဂိုလ်များကိုဖေါ်ထုတ်လွှဲပြောင်းပေးခြင်း၊ VRFများထုတ်ပေးခြင်းနှင့်လူဦးရေဆန်းစစ်အတည်ပြုခြင်း၏ လေ့ကျင့်ခန်းကာလ၌ ထုတ်ပေးခဲ့သည့် စမတ်ကတ်များကို အီလက်ထရောနစ်နည်းဖြင့် နောက်ဆုံးပေါ်အချက်အလက်များ ထည့်သွင်းခြင်းများ ပါဝင်ပါသည်။ စေ့ဆော်အားပေး ကူညီမှုဖြင့် နေရပ်ပြန်ခြင်းအဆင့် မစတင်မီအကြိုကာလနှင့် လုပ်ဆောင်ခြင်းကာလများအတွင်း၌ ဒုက္ခသည်များကိုပေးအပ်သည့် သတင်းအချက်အလက်များ၏ အဆင့်အတန်းနှင့် လေးနက်မှုတို့ကိုသိသာထင်စွာ တိုးချဲ့သွားမည် ဖြစ်ပါသည်။

၅၀။ ထွက်ခွာခြင်းမပြုမီဆေးမှတ်တမ်းများကိုလိုက်လံကောက်ယူခြင်းနှင့်ပြန်လည် သုံးသပ်ခြင်းများလုပ်ဆောင်ခြင်းကို သေချာစေရန်အတွက် စခန်းများအတွင်း ကျန်းမာရေးဆောင်ရွက်သူမိတ်ဖက်များနှင့် UNHCR ထိုင်းမှနီးကပ်စွာ ထိတွေ့ဆက်ဆံမည်ဖြစ်ပါသည်။ ဤလုပ်ငန်းစဉ်သည် ပူးပေါင်းဆောင်ရွက်သူများအနေနှင့် ကာကွယ်ဆေးထိုးရန် လိုအပ်သူများကို မထွက်ခွာမီ ဖေါ်ထုတ်ရန်နှင့် နာတာရှည်ဖျားနေသူများအား မြန်မာဘက်မှ ကျန်းမာရေးစောင့်ရှောက်မှု ဗဟိုချက်အဖြစ် တာဝန်ယူဆောင်ရွက်သူများထံသို့ မထွက်ခွာမီ စနစ်တကျလွှဲ ပြောင်းပေးနိုင်ရန်အတွက် သေချာအောင် လုပ်ဆောင်စေနိုင်မည် ဖြစ်ပါသည်။ လူတစ်ဦးတစ်ယောက်သည် နေရပ်ပြန်ရန်မသင့်သေးကြောင်း စိုးရိမ်ပူပန်မှုများ ကို ဆေးစစ်ခြင်းနှင့် ဆွေးနွေးလမ်းညွှန်မှုပြုခြင်းများမှ ဖေါ်ထုတ်ခဲ့လျှင် ၎င်းပုဂ္ဂိုလ် နေရပ်ပြန်မှုသည် နှောင့်နေးကြန့်ကြာနိုင်ပါသည်။

၅၁။ ဆေးကုသခံရန်လိုအပ်နေသူများအပါအဝင်၊ မိမိကိုယ်မိမိကာကွယ်နိုင်မှုနည်း သည့်ပုဂ္ဂိုလ်များမှလွဲ၍ အခြားသူများသည်ပို့ဆောင်ရေးကို မိမိကိုယ်တိုင် စီစဉ် ရမည်ဖြစ်ပါသည်။ ယင်းအတွက် ကုန်ကျစရိတ်များကို ထိုင်းနိုင်ငံ၌ ပေးအပ်မည့်ထောက်ပံ့ကြေး၌ ထည့်သွင်းထားမည်ဖြစ်ပြီး၊ ၎င်း၏ပမာဏကို အန္တိမပြန်ရပ်အထိ ခရီးသွားကုန်ကျစရိတ်များ

ကျခံနိုင်ရန်အတွက် လိုအပ်ချက်များကို ကြိုတင်တွက်ချက်မှုနှင့် လမ်းခရီး၌ စားသောက်/တည်းခိုမှုလိုအပ်ချက်များကို ကာမိရန် အပေါ်၌ အခြေပြုထားမည်ဖြစ်ပါသည်။

၅၂။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့မှတာဝန်ရှိသူများအကြား ညှိနှိုင်းဆွေးနွေးမှုများ အပေါ်မူတည်၍၊ စေ့ဆော်အားပေးကူညီမှုအဆင့်တွင် နယ်စပ်ဖြတ်ကျော်ရေး လက်ခံကြိုဆိုရေးပွိုင့် ၅နေရာမှ ၇နေရာအထိကို အသုံးပြုမည်ဖြစ်ပါသည်။ လက်ခံကြိုဆိုရေးပွိုင့်တိုင်းတွင် နေရပ်ပြန်သူများ၏ သက်သေခံစမတ်ကဒ်များကို မှတ်တမ်းယူထားမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ခြင်းသည် ၎င်းတို့အနေဖြင့် နောက်ထပ်ဖြတ်ကျော်မည့် ပွိုင့်များ၌ အကူအညီအထောက်အပံ့များ ရယူခံစား ခွင့်ကို အသက်သွင်းလိုက်မည်ဖြစ်ပါသည်။ မွေးမြူထားသည့် တိရိစ္ဆာန်များ သယ်ဆောင်ရေးနှင့် သက်ဆိုင်သည်များအပါအဝင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို တတ်နိုင်သမျှ ပေပြစ်သွက် လက်ရန်လုပ်ဆောင်ဖို့ လိုအပ်ပါသည်။

၅၃။ အောက်ပါနယ်စပ်ဖြတ်ကျော်ပွိုင့်များသည် ကုန်စည်ပို့ဆောင်မှု၌ ခရီးရောက်မှုအရှိဆုံး ရွေးချယ်စရာနေရာများဖြစ်၍ ၎င်းတို့ကို ဒုက္ခသည်လူဦးရေ အချက်အလက်များ အပေါ် အခြေပြုထားခြင်းဖြစ်ပြီး၊ ထိုင်းအစိုးရနှင့် မြန်မာအစိုးရတို့အကြား သဘောတူညီမှု အပေါ် မူတည်မည်ဖြစ်ပါသည်။-

(၁) Phu Nam Ron/Htee Hkee (လတ္တီကျု့ ၁၃.၉၉၄၀၂မြောက်၊ လောင်ဂျီ တွဒ် ၉၉.၀၁၈၁၉၅ အရှေ့) Kanchanaburi ပြည်နယ်မှ တနင်္သာရီ ဒေသ ကြီး၊ ထားဝယ်မြို့နယ်သို့ဝင်ပေါက်၊

(၂) ဘုရားသုံးဆူ (လတ္တီကျု့ ၁၅.၃၀၁၆၉မြောက်၊ လောင်ဂျီတွဒ် ၉၈.၃၈၆၆ အရှေ့) Sangkhlaburi ခရိုင်မှ ကရင်ပြည်နယ်အရှေ့တောင်ဘက်သို့ ဝင် ပေါက်၊

(၃) မဲဆောက် / မြဝတီ (လတ္တီကျု့ ၁၆.၆၉၀၉၃မြောက်၊ လောင်ဂျီတွဒ် ၉၈.၅၁၇၃၆ အရှေ့) Tak ပြည်နယ်မှ ကရင်ပြည်နယ်အရှေ့ဘက်ရှိ မြဝတီ ခရိုင်သို့ဝင်ပေါက်၊

(၄) Ban Sob Yuam/မာနယ်ပလော (လတ္တီကျု့ ၁၇.၇၈၇၀မြောက်၊ လောင် ဂျီတွဒ် ၉၇.၇၄၂၄ အရှေ့) Mae Sariang ခရိုင်မှ ကရင်ပြည်နယ်သို့ဝင် ပေါက်၊

(၅) Huay Ton Non/Nam Mang (လတ္တီကျု့ ၁၈.၇၇၅၆၅မြောက်၊ လောင် ဂျီတွဒ် ၉၇.၇၅၂၉၁ အရှေ့) Mae Hong Song ပြည်နယ်မှ ကယားပြည် နယ်မဲ့စယ် မြို့နယ်သို့ဝင်ပေါက်၊

၅၄။ ထို့အပြင်အောက်ပါဝင်ပေါက်နှစ်ခုအားလည်း ထည့်သွင်းစဉ်းစားမည် ဖြစ်ပါ သည်။

(၁) Ban Sob Moei/Thu Moei Hta (လတ္တီကျူ ၁၇.၈၉၄၀၂မြောက်၊ လောင်ဂျီတွဒ် ၉၇.၆၉၃၁၅ အရှေ့) Mae Sariang ခရိုင်မှ ကရင်ပြည် နယ်သို့ ဝင်နိုင်သော အခြားဝင်ပေါက်တစ်ခု။

(၂) Ban Mai Nai Soi/Tha Na Kwey (လတ္တီကျူ ၁၉.၃၅၀၉၈၂မြောက်၊ လောင်ဂျီတွဒ် ၉၇.၈၀၁၃၃၂ အရှေ့) Mae Hong Song ပြည်နယ်မှ ကယားပြည်နယ် ရှားတောမြို့နယ်သို့ ဝင်နိုင်သော အခြားဝင်ပေါက် တစ်ခု။

၅၅။ မြန်မာနိုင်ငံအတွင်း၌ နေရပ်ပြန်လည်ရောက်ရှိမှုကို ထောက်ပံ့ရန်စခန်း ၁၀ခုခန့်ကို အဓိက ကျသော မြို့နယ်နှင့်မြို့နယ်ခွဲများတွင် တည်ထောင်ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါ စခန်းများတွင် အကြံဉာဏ်နှင့်သတင်းအချက် အလက်များပေးရန်ကမ်းလှမ်းမည့်အပြင် ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးအတွက်ချီးမြှင့်မှုများ၊ ကန့်သတ်ထားသောစားနပ်ရိက္ခာ မဟုတ် သည့်အသုံးအဆောင်ပစ္စည်းများပါဝင်သည့်အထုပ်နှင့် ကနဦးစားနပ်ရိက္ခာအထောက် အပံ့ များကိုပေးအပ်သွားမည်ဖြစ်သည်။ မြန်မာအစိုးရ၏ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ဦးစီးဌာနနှင့်ပူးပေါင်း၍ ပြန်လည်ဝင်ရောက်လာသူများကို နိုင်ငံသားစီစစ်ရေး ကတ်ပြား (CSC) အပါအဝင် လိုအပ်သော စာရွက်စာတမ်းများကိုရရှိအောင် ဆောင်ရွက် ပေးသွားမည်ဖြစ်သည်။ ပြန်လည်ဝင်ရောက်လာသူများသည် မိမိတို့ရွေးချယ်ထားရာ ဒေသသို့သွားစဉ် လမ်းတစ်လျှောက်၌ သော်လည်းကောင်း၊ သို့မဟုတ် သတ်မှတ်ချိန် (ဥပမာ- တစ်လ) အတွင်း၌ သော် လည်းကောင်းရွေးချယ်၍ ဤစခန်းများသို့ ဝင်ရောက်နိုင်ပါ သည်။ ကူညီထောက်ပံ့မှုများကို မိတ်ဖက်အဖွဲ့အစည်းများမှ ဆောင်ရွက် သွားမည်ဖြစ်ပြီး UNHCR ဝန်ထမ်း များက စောင့်ကြည့်ရန်၊ ပေါ်ပေါက်လာသည့် ပြဿနာများကို ဖြေရှင်းရန် ရှိနေကြ မည်ဖြစ်သည်။ ဥပမာအားဖြင့် 'စမတ်ကတ်'များပျောက်ဆုံးသို့မဟုတ် ပျက်စီး သွားသော ကိစ္စများ။

၅၆။ စားနပ်ရိက္ခာမဟုတ်သည့် အသုံးအဆောင်ပစ္စည်းလိုအပ်မှုအများစုအပါအဝင် ကနဦး ပြန်အခြေချနေထိုင်မှု ကုန်ကျစရိတ်များကာမိစေရန်အတွက် လူတစ်ဦး (အရွယ်ရောက်ပြီး သူနှင့်ကလေးသူငယ်) လျှင်ချီးမြှင့်ငွေ ဒေါ်လာ၁၀၀၀န်းကျင် ဖြစ်နိုင်ပါသည်။ နောင်သော အခါ၌ ချီးမြှင့်ငွေကို မိုဘိုင်းဖုန်းများမှတဆင့်လွှဲ ပြောင်းပေးရန်ဖြစ်နိုင်ခြေရှိမရှိ စူးစမ်းသွားမည် ဖြစ်သည်။ ပြည်ပ၌နှစ်ပေါင်းများ စွာ ခွဲခွာနေထိုင်ခဲ့ရသည့်နောက်၌ ဒုက္ခသည် မိသားစုများ သည် ကိုယ်ပိုင်ပစ္စည်း အများအပြားကိုပြန်လည်သယ်ဆောင်လာကြမည်ဟု ကြိုတင်တွက်ဆ ရသော ကြောင့်၊ စားနပ်ရိက္ခာ မဟုတ်သည့် အသုံးအဆောင်ပစ္စည်းအထုပ်၌ အလွယ်တကူ မရရှိနိုင်သောပစ္စည်း အမယ်များ၊ အထူးသဖြင့်အမျိုးသမီးများနှင့် ကလေး သူငယ်များကို

ကာကွယ် စောင့်ရှောက်ပေးရန် လိုအပ်သောပစ္စည်း အမယ်များ သာပါဝင်ရန် ကန့်သတ်ထားမည် ဖြစ်ပါသည်။

၅၇။ စားနပ်ရိက္ခာမဟုတ်သော အသုံးအဆောင်ပစ္စည်းများစာရင်းတွင် ယာယီအားဖြင့် အောက်ပါတို့ပါဝင်သည်။ ယင်းတို့တွင် ပြန်လည်ဝင်ရောက်လာမည့်သူများ ရွေးချယ်ထားသော ပစ္စည်းအမယ်အချို့ပါဝင်နိုင်သည်။ ၎င်းကိုထိုင်းနိုင်ငံရှိ ဒုက္ခသည်အသိုင်းအဝိုင်းနှင့် ပြုလုပ်မည့်ပါဝင်မှုဖြင့် သုံးသပ်ချက်တစ်ရပ်ပြီးမြောက် သွားသည့်အခါ၌ ပြန်လည်စီစစ် သွားမည်ဖြစ်သည်။

- ခြင်ထောင်များ
- တစ်ကိုယ်ရေကျန်းမာရေး၊သန့်ရှင်းရေးဆိုင်ရာအသုံးအဆောင်များ
- နေရောင်ခြည်စွမ်းအင်သုံးမီးအိမ်များ
- အဝတ်အထည် (လုံချည်နှင့်ကျောင်းဝတ်စုံများ)
- အလပ်စတစ်အခင်းများ
- စောင်များ
- မိုဘိုင်းဖုန်း (သတင်းအချက်အလက်ဖြန့်ချီရာတွင် အသုံးပြုရန်အပြင် ငွေလွှဲပြောင်းပေးရာတွင်လည်း အသုံးပြုနိုင်သည်။)

၅၈။ စားနပ်ရိက္ခာရရှိမှု သေချာစေရန်အတွက် ပစ္စည်းဖြင့်၎င်း၊ ငွေသားဖြင့်၎င်း၊ ဘောက်ချာအခြေပြုဖြင့် ၎င်း၊ အထောက်အကူမှုများ ပေးအပ်ခြင်းနည်းလမ်းများကို အသုံးပြု၍ UNHCRသည် ကမ္ဘာ့ဆိုင်ရာဖဟိုပြုပုဂ္ဂိုလ်များနှင့် အတူအကွ လုပ်ဆောင်မည်ဖြစ်ပါသည်။ အကူအညီပေးမှု မပြီးမြောက်မီ၊ နေရပ်ပြန်သူအား လုံးသည် စိုက်ပျိုးမှုတစ်ရာသီစာအတွက် အကျိုးကျေးဇူးများ ရရှိမှုကို သေချာစေရန်အတွက်၊ ၃လသို့မဟုတ် ၆လစီအရစ်ကျဖြင့် ဖြစ်နိုင်သော၊ တနစ်စာ စားနပ်ရိက္ခာထောက်ပံ့မှုကို လိုအပ်သည်ဟု ကြိုတင်ခန့်မှန်းရပါသည်။ တစ်နှစ်ကျော်လွန်သောအခါ၌၊ အထူးလိုအပ်ချက်ရှိသောပုဂ္ဂိုလ်များအား စားနပ်ရိက္ခာ အကူအညီများကို လိုအပ်သလို ပေးအပ်မည်ဖြစ်ပါသည်။

၅၉။ UNHCR၏ ကြားဝင်ဆောင်ရွက်မှုနည်းလမ်းများသည် ရပ်ရွာလူထုအခြေပြု ဖြစ်ပါ သည်။ UNHCRတိုက်ရိုက်ပါဝင်ပါတ်သက်မှု၏အာရုံစိုက်ရာသည် အောက်ပါတို့ဖြစ်ကြ ပါသည်။

(က) သက်သေခံအထောက်အထားစာရွက်စာတမ်းနှင့် လယ်မြေပြဿနာများ အပါအဝင် ကာကွယ်စောင့်ရှောက်မှုကိစ္စများ

(ခ) PSNများကိုအထောက်အကူပေးရေး။

(ဂ) ရပ်ရွာအခြေပြုကာကွယ်စောင့် ရှောက်မှုတည်ဆောက်ရေးအတွက် ဒေသခံများ၏ လုပ်နိုင်စွမ်းတိုးမြှင့်ရေး။

(ဃ) မကြာမီချမှတ်တော့မည့် မဟာဗျူဟာအပေါ် အခြေခံမည့် အမိုးအကာ

(င) ISSR ပုံစံကိုအသုံးပြုထားသည့် အသက်မွေးဝမ်းကြောင်းမှုများ။

(စ) ရေ၊မိလ္လာနှင့်ကျန်းမာရေး။

(ဆ) မိုင်းနှင့်ပတ်သက်သည့်ဆောင်ရွက်မှု။

(ဇ) ပြန်ရောက်လာသူ/ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာစောင့်ကြည့်မှု၊ ၎င်းကိုရပ်ရွာလူထုအဆင့်ရှိ တည်ဆဲစနစ်အပေါ်တည်ဆောက်၍၊ ဒုက္ခသည်များဆိုင်ရာ တစေ့တစောင်းလေ့လာချက်နှင့် ပြန်ရောက်မှုအပေါ် အကဲဖြတ်မှုမှ ရလဒ်များကို ပိုင်းခြားစိတ်ဖြာလေ့လာချက်နှင့် အခြားပါဝင်သူများ၏ လက်ရှိ လုပ်ဆောင်ချက်များကို ပြန်လည်သုံးသပ်ချက်တို့ အပေါ် အခြေပြုမည် ဖြစ်ပါသည်။

၆၀။ UNHCR ၏အထောက်အကူဖြင့်၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများ၌ အကူအညီ ပေးအပ်ရေးအတွက် ညှိနှိုင်းရန်နှင့် ဦးဆောင်ရန် ဗဟိုချက်အဖြစ်ဆောင်ရွက်မည့် ပုဂ္ဂိုလ်များကို ရွေးထုတ်မည်ဟု မှန်းကြည့်ထားပါသည်။ အထူးလိုအပ်ချက်ရှိသည့် ပုဂ္ဂိုလ်များကို လွှဲပြောင်းပေးရန်နည်းလမ်းများ၊ အသေးစိတ်စီစဉ်ခြင်း၊ ပြန်ရောက်လာမည့် အရပ်များ၌ငှက်ဖျားရောဂါ ထိန်းချုပ်ရေးကို သေချာအောင်လုပ်ဆောင်ရန်နှင့် ၎င်းတို့ ပြန်ရောက်မည့်နေရာများ၌ရှိသည့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် လိုအပ်သည့် အထောက် အပံ့ပစ္စည်းပစ္စယ၊ အဆောက်အဦးများအကြောင်းသတင်းအချက်အလက်များကို ဒုက္ခသည်များအား အသိပေးခြင်းများ ကျန်းမာရေးဆိုင်ရာ အထောက်အကူပေးမှု၌ ပါဝင်သင့်ပါသည်။

**မဏ္ဍိုင်၅။ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းနှင့် ချင့်ချင့်ချိန်ချိန်ဆုတ်ခွာခြင်း။**

၆၁။ ဒေသ၏လုပ်နိုင်စွမ်းများနှင့်ဝန်ဆောင်မှုပေးသူများ၏အခန်းကဏ္ဍကို ထည့်သွင်းစဉ်းစားလျက်၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းအဆင့်၌ UNHCR၏ မဟာဗျူဟာမြောက် စူးစိုက်မှုသည် ၊လူသားချင်းဆိုင်ရာစာနာမှု၊ နလန်ထမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ငြိမ်းချမ်းရေးတည်ဆောက်ရန် ပမာဏခြေလှမ်းများအကြား အချင်းချင်းဆက်နွယ်မှုကို သေချာအောင်ပြုလုပ်ရန်ဖြစ်ပါသည်။ ဖွံ့ဖြိုးတိုးတက်မှုနည်းလမ်းများသည် ပဋိပက္ခများနှင့်ပတ်သက်၍ သတိထားဆင်ခြင်ရမည် ဖြစ်ပြီး မြန်မာနိုင်ငံအရှေ့တောင်ဒေသအခြေအနေနှင့် ဆီလျော်ရမည် ဖြစ်ပါသည်။ ပညာရေး၊ ကျန်းမာရေးနှင့် မြေယာစီမံခန့်ခွဲမှုအပိုင်းများ၌ နိုင်ငံတော်ဆိုင်ရာနှင့် မြေယာအုပ်ချုပ်မှု

အပိုင်းများ၌ နိုင်ငံတော်ဆိုင်ရာနှင့် နိုင်ငံတော်ဆိုင်ရာ မဟုတ်သည့်စနစ်များ ဆုံဆည်းလာမှုနှင့် သက်ဆိုင်သည့် ကိစ္စများအပေါ်အပါအဝင်၊ တည်တံ့မည့် ပြန်လည်ဝင်ဆံ့ပေါင်းစည်းခြင်းသည် ငြိမ်းချမ်းရေးဖြစ်စဉ်၏ တိုးတက်မှုနှင့် ဆက်စပ်နေမည် ဖြစ်ပါသည်။

၆၂။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏တာရှည်ခံသည့်ဖြေရှင်းနည်းများ ဆိုင်ရာမူဝါဒဆုံးဖြတ်ချက်နှင့်အညီ၊ အရှေ့တောင်ဒေသရှိ ဌာနေညှိနှိုင်းရေးမှူး ရုံး၏ အခန်းကဏ္ဍပိုမိုအားကောင်းရေးအတွက် စေ့ဆော်အားပေး ကူညီရန်၊ UNHCR သည် ၎င်း၏လုပ်ငန်းကိုတိုးချဲ့မည်ဖြစ်ပါသည်။ ပူးပေါင်း၍ ငြိမ်းချမ်း ရေးတည်ဆောက်မှုလိုအပ်ချက်များအကဲဖြတ်မှု (JPNA) အပါအဝင်၊ အမျိုးသားဦးဆောင်မှုဖြင့်ပြုလုပ်သောအကဲဖြတ်မှုနှင့် စီမံကိန်းများဆိုင်ရာ လုပ်ငန်းစဉ်များ အတွက် ၊နည်းပညာဆိုင်ရာအကြံဉာဏ်ကို UNHCR မှ ပေးအပ်မည်ဖြစ်ပါ သည်။ IDPနှင့် ဒုက္ခသည်များအတွက် တာရှည်ခံသည့် ဖြေရှင်းနည်းများနှင့် နီးနွယ်သော၊ ထည့်သွင်းစဉ်းစားရမည့် အချက်အလက်များကို ခေတ်ရေ စီးကြောင်း ကျအောင်ပြုလုပ်မည်ဖြစ်ပါသည်။ UNHCR သည်ဒေသခံ NGOများ၊ CBOများအတွက် တက်ကြွသည့် အခန်းကဏ္ဍတစ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာညှိနှိုင်းမှု နည်းလမ်းများ၌ ၎င်းတို့တက်ကြွစွာပါဝင်ရေးကို လည်းကောင်း၊ စေ့ဆော်အားပေး ကူညီမည်ဖြစ်ပါသည်။

၆၃။ ထိုင်းနိုင်ငံ၌ UNHCR ၏ပါဝင်ပတ်သက်မှုတွင် စခန်းများပိတ်သိမ်းခြင်းနှင့် ဖြစ်ကောင်းဖြစ်နိုင်သည့် ပြန်ရန်မဖြစ်သော သို့မဟုတ် ဆန္ဒမရှိသော ကြွင်းကျန် ဒုက္ခသည်ထုအတွက် တာရှည်ခံသည့် ဖြေရှင်းနည်းများ ညှိနှိုင်းဆွေးနွေးရေးတို့ကို အထောက်အကူပေးမည်ဖြစ်ပါသည်။ ထိုအထောက်အကူ၌ တတိယနိုင်ငံ၌ အခြေချနေထိုင်ခြင်းနှင့် တိုင်းတပါးသို့ ရွှေ့ပြောင်းနေထိုင်သူအဆင့်အတန်းသို့ ကူးပြောင်းရရှိရန်လည်း ပါဝင်ပါသည်။ ယခင်စခန်းဟောင်း တည်ရှိခဲ့သောနေရာများရှိ ဒေသခံပြည်သူများအတွက် ပတ်ဝန်းကျင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်ပေးမှုကိုလည်း သေချာအောင် လုပ်ဆောင်ပေးသွားမည် ဖြစ်ပါသည်။

၆၄။ ဆက်စပ်သောကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ သတ်မှတ်ချက်များ ပြည့်မှီသည်ဟုလည်းကောင်း၊ မြန်မာနိုင်ငံ၌အပြောင်းအလဲများသည် လုံလောက်စွာကျယ်ပြန့်၍ ရေရှည်တည်တံ့မည်ဟု အကဲဖြတ်တွေ့ရှိရသည်ဟုလည်းကောင်း၊ ယူဆသည့်အခါ၌ ဒုက္ခသည်အဆင့်အတန်းရပ်ဆဲသွားပြီးဖြစ်ကြောင်း ကြေညာရန်နောက်ဆုံးလက်ခံ စဉ်းစားမည်ဖြစ်ပါသည်။ ဖြေရှင်းမှုအမျိုးစုံကို ရွေးချယ်နိုင်ခွင့်ပေးပြီး ဒုက္ခသည်အများစုကလည်း ၎င်းတို့ကိုရွေးချယ်ပြီးမှသာလျင် 'ဒုက္ခသည် အဆင့်အတန်းရပ်ဆဲမှု' ကိုပြုလုပ်ရန် စဉ်းစားမည်ဖြစ်ပါသည်။ ထိုအချိန်အခါ၌၊ ကာကွယ်စောင့်ရှောက်မှုအတွက် ပြုလုပ်ဆဲ တောင်းဆိုချက် များ၏တရားဝင်မှုကို အကဲဖြတ်ရန် နည်းလမ်းတစ်ရပ်လိုအပ်မည်ဖြစ်ပါသည်။